# ရှေ့ဆက်ပညာဆည်းပူးရန်လမ်းညွှန်စာအုပ်

## ~ အလယ်တန်း မှ အထက်တန်းသို့ ~


社会福祉法人さぽうと２１

Support21 Social Welfare Foundation

လူမှုဖူလုံရေးဖောင်ဒေးရှင်း **support 21**

【မာတိကာ】


**၁ ။ အလယ်တန်းကျောင်းအောင်ပြီးနောက်အားလုံးအထက်တန်းကျောင်းတက်လား။ ～ ဂျပန်ပညာရေးစနစ် ～ · · · · · · · ၂**

( ၁ ) ကျောင်းပညာဆက်လက်ဆည်းပူးခြင်း၊အလုပ်အကိုင်ရှာဖွေခြင်း

( ၂ ) ကျောင်းပညာဆက်လက်ဆည်းပူးခြင်း

အထက်တန်းကျောင်း(သို့ မဟုတ်)အခြားသောကျောင်းသို့ပညာဆက်လက်ဆည်းပူးခြင်း

( ၃ ) အလုပ်ခွင်သို့ ဝင်ရောက်ခြင်း (အလုပ်အကိုင်ရှာဖွေခြင်း)

( ၄ ) အထက်တန်းကျောင်းဆိုသည်မှာ

အထက်တန်းကျောင်းအမျိုးအစားနှင့်အကြောင်းအရာ၊သင်ကြားပို့ ချသည့်အချိန် (=သင်ရိုး )

သင်ကြားပို့ ချသည့်အကြောင်းအရာ (=ဘာသာရပ် )၊ ၁ နှစ် ၁ တန်းတက်တဲ့စနစ်နှင့်ယူနစ်စနစ်

**၂ ။ အထက်တန်းကျောင်းတက်ရင်ကုန်ကျစရိတ်ဘယ်လောက်လည်း။ ～ ပြည်သူပိုင်ကျောင်း၊ ပုဂ္ဂလိကကျောင်းစရိတ် ～ · · ၇**

( ၁ ) ပြည်သူပိုင်ကျောင်း ၊ ပုဂ္ဂလိကကျောင်း

မြို့ နယ်ပိုင်အထက်တန်းကျောင်းစရိတ်။ ပုဂ္ဂလိကကျောင်းစရိတ်

( ၂ ) ကျောင်းစရိတ်ပေးဆောင်ရန်အခက်အခဲရှိပါက

ထောက်ပံ့မှုစနစ်နှင့်ပတ်သက်၍

**၃။ အထက်တန်းကျောင်းကိုမည်သို့ ရွေးချယ်ရမလည်း။～မိမိတက်ရောက်လိုသည့်ကျောင်းကိုဆုံးဖြတ်ရန်အချက်များ ～ · · · ၁၀**

( ၁ ) ကျောင်းနဲ့ ပတ်သက်ပြီးစုံစမ်းရမည် ၊ သွားရောက်လေ့လာရမည် ၊ ပါဝင်ရမည်

( ၂ ) မိမိ၏ပညာစွမ်းရည်နှင့်ကိုက်ညီသောကျောင်းကိုသာရွေးချယ်ပါ။

( ၃ ) အစမ်းစာမေးပွဲ၌မိမိ၏လက်ရှိအခြေအနေကိုသိရှိရန်။

( ၄ ) အုပ်ထိန်းသူ၊ ကျောင်းမှဆရာများနှင့်တိုင်ပင်ပြီး။နောက်ဆုံးမိမိ၏ဆုံးဖြတ်ချက်ဖြင့်တက်ရောက်လိုသည့်ကျောင်း
ကိုဆုံးဖြတ်ရန်

**၄။ အထက်တန်းကျောင်းတက်ရန်အားလုံးဝင်ခွင့်စာမေးပွဲကိုဖြေရမှာလား။ ～ ဝင်ခွင့်စာမေးပွဲစနစ် ～ · · · · · · · · · · · ၁၂**

( ၁ ) ပုံမှန်ဝင်ခွင့်စာမေးပွဲ နှင့် ထောက်ခံစာနှင့်ဝင်ခွင့်စာမေးပွဲ

မြို့ နယ်ပိုင်ကျောင်း ဝင်ခွင့်စာမေးပွဲ၊ ပုဂ္ဂလိကကျောင်းဝင်ခွင့်စာမေးပွဲ

( ၂ ) ဝင်ခွင့်စာမေးပွဲအမျိုးအစား

( ၃ ) 「ကျောင်းသားမှတ်တမ်း」 ဆိုဒါဘာလည်း။ဘယ်လောက်အရေးကြီးလည်း။

( ၄ ) 「ပညာရည်အဆင့်」

**၅။ ဘယ်ချိန်မှာဘာလုပ်ရမလည်း။～ စာမေးပွဲအတွက်ပြင်စဉ်ရန် ～ · · · · · · · · · · · · · · · · · · ၁၄**

**၆။ ကျောင်ဝင်ခွင့်စားမေးပွဲအတွက်ပြင်ဆင်ခြင်း**

**～ ဝင်ခွင့်စာမေးဖြေဆိုမည့်ကျောင်းသားနှင့်အုပ်ထိန်းသူ၏လုပ်ဆောင်ရန်～ · · · · · · · · · · · · · · · ၂၀**

( ၁ ) ဝင်ခွင့်စာမေးဖြေဆိုမည့်ကျောင်းသား၏လုပ်ဆောင်ရမည့်အချက်များ

( ၂ ) အုပ်ထိန်းသူ ၏လုပ်ဆောင်ရမည့်အချက်များ

**၇။ မေးမြန်းလေ့ရှိသောမေးခွန်းများ · · · · · · · · · · · · · · · · · · · · · · · · · · · ၂၁**

## ၁ ။ အလယ်တန်းကျောင်းအောင်ပြီးနောက်အားလုံးအထက်တန်းကျောင်းတက်လား။ ～ ဂျပန်ပညာရေးစနစ် ～


အလယ်တန်းကျောင်းအောင်မြင်ပြီးနောက် 「ရှေ့ဆက်လျှောက်ရမည့်လမ်း」 ကိုစဉ်းစားရန်အလို့ငှာမိမိ၏အနာဂတ်နဲ့ 「ဘဝရပ်တည်မှု」 ကိုစဉ်းစားရန်အရေးကြီးပါသည်။ 「အထက်တန်းကျောင်းသို့ ဆက်လက်ပညာသင်ယူခြင်း」「တက္ကသိုလ်သို့ ဆက်လက်ပညာသင်ယူခြင်း」「အလုပ်ဝင်ခြင်း」 က 「ရည်မှန်းချက်ပန်းတိုင်」 မဟုတ်ပါဘူး။ ဒါကြောင့်မို့ လို့ ဘာလုပ်ချင်လည်း၊ ဘာလုပ်နိုင်မလည်းဆို ဒါကိုစဉ်းစားကြရအောင်။

- သင်သည်ယခုဘာကိုစိတ်ဝင်စားသလဲ။
- သင်ရဲ့ပင်ကိုယ်အရည်အသွေးကဘာလည်း။
- သင့်အနာဂတ်ကိုဘယ်လိုဖြစ်စေချင်သလဲ။

အရင်ဆုံးမိမိကိုယ်ကိုသိဖို့ လိုပါတယ်။

### ( ၁ ) ကျောင်းပညာဆက်လက်ဆည်းပူးခြင်း၊ အလုပ်အကိုင်ရှာဖွေခြင်း

မူလတန်း ၆ နှစ်၊အလယ်တန်း ၃ နှစ်စုစုပေါင်း ၉ နှစ်တာကာလသည် 「မသင်မနေရပညာရေးစနစ်」 ဖြစ်ပါတယ်။အလယ်တန်းကျောင်းအောင်မြင်ပြီးနောက် 「မသင်မနေရပညာရေးစနစ်」 မဟုတ်တော့ပါဘူး။ မိသားစု၊ ကျောင်းမှဆရာများနှင့်အတူတိုင်ပင်ပြီး 「သင်ကိုယ်တိုင်」 က 「မိမိကိုယ်တိုင်」「မိမိ၏」 ရှေ့ဆက်လျှောက်ရမည့်လမ်းကိုဆုံးဖြတ်ရပါမည်။
ဦးစွာအလယ်တန်းကျောင်းအောင်မြင်ပြီးနောက် 「ကျောင်းပညာဆက်လက်ဆည်းပူးခြင်း」 သို့ မဟုတ် 「လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်လိုခြင်း」 ကိုဆုံးဖြတ်ရပါမည်။ 「အနာဂတ်ဘယ်လိုဖြစ်ချင်တယ်ဆိုဒါ」 ကိုစဉ်းစားပြီးအဲဒီအတွက်မည်သည့်လမ်းကြောင်းကိုရွေးချယ်ရမည်ကိုပါစဉ်းစားရမှာဖြစ်ပါတယ်။
ဥပမာ အနာဂတ်မှာ 「သူနာပြုဆရာ/ဆရာမ」 ဖြစ်ချင်ပါက 「အစိုးရအသိအမှတ်ပြုစာမေးပွဲ」 ကိုဖြေဆိုအောင်မြင်ရမှာဖြစ်ပါတယ်။အဲဒီအတွက်ဘယ်လိုကျောင်းမျိုးမှာသင်ယူလို့ ရနိုင်သလဲ?အဲဒီကျောင်းမှာပညာသင်ကြားခွင့်ရနိုင်ဖို့ ဘယ်လိုမျိုးပြင်ဆင်ကျက်မှတ်ရမလဲ?



## (၂) ကျောင်းပညာဆက်လက်ဆည်းပူးခြင်း

➢ <u>**အထက်တန်းကျောင်းသို့ ပညာဆက်လက်သင်ယူခြင်း**</u>

- လက်ရှိအထက်တန်းကျောင်းသို့ ဆက်လက်၍ပညာဆည်းပူးမှုနှုန်းမှာ ၉၇ % ကျော်ဖြစ်ပါသည်။
- အထက်တန်းကျောင်းမအောင်မြင်ခဲ့ပါကယူခွင့်မရနိုင်သည့်လိုင်စင်အမျိုးအစားရှိပါသည်။
  လုပ်ငန်းပေါ်မူတည်ပြီးလုပ်ခန်းခွင်အရည်အချင်းလိုင်စင်လိုအပ်သည်။
- ပုံမှန်အားဖြင့် ၃ နှစ်ဖြင့်ကျောင်းပြီးမည်ဖြစ်သော်လည်း၊အလယ်တန်းနှင့်ခြားနားချက်သည့် <u>**အတန်းကျ(တတန်းကို ၂ နှစ်ထိုင်) ရှိပါသည်။**</u>
- အထက်တန်းကျောင်းအမျိုးမျိုးရှိပါသည်။အချိန်ပိုင်းကျောင်းနှင့်အဝေးသင်ကျောင်းများလည်းရှိပါသည်။

➢ <u>**အခြားကျောင်းသို့ ပညာဆက်လက်သင်ယူခြင်း**</u>

**① အသက်မွေးပညာသင်အထက်တန်းကျောင်းသို့ ပညာဆက်လက်သင်ယူခြင်း ( KOSEN )**

အသက်မွေးပညာသင်အထက်တန်းကျောင်းသည်လက်တွေ့၊စက်မှုအတတ်ပညာဖန်တီးရှင်ကိုလေ့ကျင့်သင်ကြားပေးသောကျောင်းဖြစ်သည်။ဂျပန်တနိုင်ငံလုံးတွင် အစိုးရကျောင်း နဲ့ ပုဂ္ဂလိကကျောင်း စုစုပေါင်း ၅၇ ကျောင်းရှိပါသည်။ အများအားဖြင့် ၅ နှစ်အတွင်းကျောင်းပြီးပါသည်။ထိုနောက်တွင်တက္ကသိုလ် တတိယနှစ်သို့ ဝင်ရောက်သင်ယူသူအများအပြားရှိသည်။

**② အထူးပညာရပ်ကျောင်းနှင့်ကျောင်းအမျိုးမျိုးသို့ ပညာဆက်လက်သင်ယူခြင်း**

အထက်တန်းအထူးပညာရပ်နှင့်စက်မှုလက်မှုအသက်မွေးဝမ်းကျောင်းအစရှိသောကျောင်းများရှိပါသည်။

**③ အဝေးသင်အထက်တန်းကျောင်းအချိန်ပိုကျောင်း (ထောက်ပံ့မှုကျောင်း) သို့ ပညာဆက်လက်သင်ယူခြင်း**

အဝေးသင်အထက်တန်း အချိန်ပိုကျောင်းဆိုသည်မှာ အဝေးသင်ကျောင်းသို့ တင်ပြရမည့် အစီရင်ခံစာများ ရေးသားခြင်းများကို ထောက်ပံ့မှုပေးသောအရပ်သားကျောင်းဖြစ်ပါသည်။အဝေးသင်အထက်တန်းကျောင်းအောင်မြင်ရန်အတွက်အကူအညီပေးပြီးမိမိတက်ရောက်သောအဝေးသင်အထက်တန်းကျောင်း၏ကျောင်းစရိတ်အပြင်ထိုထောက်ပံ့ပိုးပေးသောကျောင်းသို့ လည်းကျောင်းစရိတ်ပေးသွင်းရန်လိုအပ်ပါသည်။

## (၃) အလုပ်ခွင်သို့ ဝင်ရောက်ခြင်း

Helloworkမှတဆင့်လုပ်ငန်းခွင်စည်းကမ်း၊ သတ်မှတ်ချက်၊ လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များလိုအပ်သည့်အရည်အချင်း ၊ အနာဂတ်အတွက်အလားအလာ၊ဝန်ထမ်းခေါ်ယူမှုအခြေအနေအစရှိသည်တို့ ကိုသေချာအောင်စစ်ဆေးပြီး အလုပ်ရှာဖွေခြင်းကိုလုပ်ဆောင်ရပါမည်။အလုပ်လုပ်ရင်းဖြင့်အချိန်ပိုင်းကျောင်းတွင်ပညာသင်ယူနေသူလည်းရှိပါသည်။

**「အလယ်တန်းပညာအဆင့်အသိအမှတ်ပြုစာမေးပွဲ」**

အကြောင်းအမျိုးမျိုးကြောင့်အလယ်တန်းကျောင်း မအောင်မြင်သူများအတွက်၍ အသိအမှတ်ပြုစာမေးပွဲဖြေဆိုပြီး အောင်မြင်ပါက အထက်တန်းကျောင်း ဝင်ခွင့်စာမေးပွဲ ကိုဖြေဆိုနိုင်ခွင့်ရှိသည်။**<u>အသက် ၁၅ နှစ်ကျော်</u>** သူများ ဖြေဆိုခွင့်ရှိပါသည်။ အလယ်တန်းကျောင်း၏ ဂျပန်စာ၊ လူမှုရေး၊ သင်္ချာ၊ သိပ္ပံ၊ နိုင်ငံခြားဘာသာစကား (အင်္ဂလိပ်) အစရှိသော ၅ ဘာသာရပ် ကိုဖြေဆိုရပါမည်။
အသေးစိတ်ကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ဝက်ဘ်ဆိုက်တွင်ကြည့်နိုင်ပါသည်။
http://www.mext.go.jp/a_menu/shotou/sotugyo/1358231.htm

## (၄) အထက်တန်းကျောင်းဆိုသည်မှာ

➢ <u>**အထက်တန်းကျောင်းအမျိုးအစားနှင့်အကြောင်းအရာ**</u>

① နိုင်ငံပိုင် အမျိုးသားအထက်တန်းကျောင်း၊မြို့နယ်ပိုင်အထက်တန်းကျောင်း၊ ပုဂ္ဂလိကပိုင် အထက်တန်းကျောင်း တို့ ရှိပါသည်။

② 「သင်ကြားပို့ချသည့်အချိန် (=သင်ရိုး)」 ပေါ်မူတည်ပြီး၊ အချိန်ပြည့်၊ အချိန်ပိုင်း၊ အဝေးသင် စနစ်ရှိပါသည်။

③ 「သင်ကြားပို့ချသည့်အကြောင်းအရာ (=ဘာသာရပ်)」 ကိုအကြမ်းအားဖြင့် 「ပုံမှန်ဘာသာရပ်」・「အထူးပြုဘာသာရပ်」・「အထွေထွေဘာသာရပ်」 တို့ ရှိပါတယ်။

④ 「ယူနစ်စနစ် ယူနည်း」 ကတော့ 「၁နှစ်၁တန်းတက်တဲ့စနစ် (ယူနစ်စနစ်နှင့်အတူ)」 နှင့် 「ယူနစ်စနစ် ယူနည်း」 တို့ ရှိပါတယ်။

| | | အချိန်ပြည့်သင်ရိုး | အချိန်ပိုင်းသင်ရိုး | အဝေးသင် သင်ရိုး |
|---|---|---|---|---|
| မြို့နယ်ပိုင်အထက်တန်းကျောင်း | ကျောင်းတက်ရက်・ကျောင်းချိန် | နေ့စဉ်(မနက် မှ ညနေ) | နေ့စဉ်・နံနက်၊ညနေ ၊ညပိုင်း တို့ မှရွေးချယ်ရပါမည် | ၁ လတွင် ၂ကြိမ်သင်တန်း |
| | ကျောင်းကာလ | ၃နှစ် | ၃နှစ်ကျော် | ၃နှစ်ကျော် |
| | ဘာသာရပ် | ・ပုံမှန်ဘာသာရပ် (၁နှစ်၁တန်းတက်တဲ့စနစ်・ယူနစ်စနစ်)<br>・အထူးပြုဘာသာရပ် (၁နှစ်၁တန်းတက်တဲ့စနစ်・ယူနစ်စနစ်)<br>・အထွေထွေဘာသာရပ် (ယူနစ်စနစ်) | ・ပုံမှန်ဘာသာရပ် (၁နှစ်၁တန်းတက်တဲ့စနစ်・ယူနစ်စနစ်)<br>・အထူးပြုဘာသာရပ် (၁နှစ်၁တန်းတက်တဲ့စနစ်・ယူနစ်စနစ်)<br>・အထွေထွေဘာသာရပ် (ယူနစ်စနစ်) | ・ပုံမှန်ဘာသာရပ် |
| ပုဂ္ဂလိကအထက်တန်းကျောင်း | ကျောင်းတက်ရက်・ကျောင်းချိန် | နေ့စဉ်(မနက် မှ ညနေ) | - | ၁ လတွင် ၂ကြိမ်သင်တန်း |
| | ကျောင်းကာလ | ၃နှစ် | | ၃နှစ်ကျော် |
| | ဘာသာရပ် | ကျောင်းအလိုက်မတူပါ<br>*ကိုယ်ပိုင်သင်ရိုးညွှန်းတမ်း<br>*သင်ရိုးအမျိုးမျိုး | | ကျောင်းအလိုက်မတူပါ<br>*ကိုယ်ပိုင်သင်ရိုးညွှန်းတမ်း<br>*သင်ရိုးအမျိုးမျိုး |

◎ နိုင်ငံပိုင်အထက်တန်းကျောင်းသည်တိုကျိုမြို့တွင်းတွင် ၉ ကျောင်းရှိပါသည်။များသောအားဖြင့်ကျောင်းဝင်ခွင့်ရန်ခက်ခဲသည်။

➢ <u>**သင်ကြားပို့ချသည့်အချိန် (=သင်ရိုး )**</u>

① 「အချိန်ပြည့် သင်ရိုး」

<u>ပုံမှန်</u>အားဖြင့် ၃ နှစ် တွင်ကျောင်းပြီးပါမည်။နေ့ အချိန်တွင်ကျောင်းတက်ရပါမည်။

② 「အချိန်ပိုင်း သင်ရိုး」 ( TEIJISEI )

၃ နှစ်ကျော် တွင်ကျောင်းပြီးပါမည်။ညအချိန်တွင်ကျောင်းတက်ရပါမည်။

ယခုအခါ နံနက်ပိုင်း၊ နေ့ခင်းပိုင်း၊ ညပိုင်း တို့ မှရွေးချယ်တက်ရောက်နိုင်သည့်။ 「နေ့ခင်းနှင့်ညအချိန်ပိုင်းကျောင်း」 နှင့်၃ နှစ်စနစ်၊ ၄ နှစ်စနစ် စသဖြင့်ပုံစံအမျိုးမျိုးရှိပါသည်။

③ 「အဝေးသင် သင်ရိုး」

၃ နှစ်ကျော်တွင်ကျောင်းပြီးပါမည်။အစီရင်ခံစာ၊အမှားပြင်ဆင်ပေးခြင်း၊အင်တာဗျူးလမ်းညွှန်၊စာမေးပွဲအစရှိသည်တို့ ဖြင့် ယူနစ်ကိုယူပါမည်။ပညာအရည်အချင်းစစ်မည့်ကျောင်းဝင်ခွင့်စာမေးပွဲမရှိပါ။

## ➢ သင်ကြားပို့ ချသည့်အကြောင်းအရာ (=ဘာသာရပ်)

① 「ပုံမှန်ဘာသာရပ်」

ပုံမှန်ဘာသာရပ်များကိုအဓိကထားပြီး အသိပညာဗဟုသုတကို ကျယ်ပြန့် စွာ သင်ယူရပါမည်။ အလယ်တန်းကျောင်းကဲ့သို့ပင်( ဂျပန်စာ၊ လူမှုရေး၊ သင်္ချာ၊ သိပ္ပံ အစရှိသော) ဘာသာရပ်များကို အဓိကအားဖြင့်သင်ယူရမှာဖြစ်သည်။ ရိုးရိုးဘာသာရပ်ထဲတွင် ကျောင်းပညာဆက်လက်သင်ယူရန်အထူးသင်တန်း၊ နိုင်ငံခြားဘာသာစကားသင်တန်း၊သိပ္ပံနှင့်သင်္ချာသင်တန်းအစရှိသော သင်တန်းများကိုသင်ကြားပေးသောကျောင်းများလည်းရှိပါသည်။

※ အထက်တန်းကျောင်း၏သင်ရိုးညွှန်းတမ်းသည် ကျောင်းအပေါ်မူတည် ပြီးကွဲပြားပါသည်။ အလယ်တန်းကျောင်း နှင့်မတူပါ။ အထက်တန်းကျောင်းအောင်မြင်ပြီးသည့်နောက် အသက်မွေးဝမ်းကျောင်း၊ တက္ကသိုလ်ကျောင်းသို့ ဆက်လက်ပညာသင်ကြားမည်ဆိုပါက မိမိရွေးချယ်သည့်ကျောင်းမှာ ဝိဇ္ဇာဘာသာရပ်တွင်အားသာသည့်ကျောင်းလား၊ သိပ္ပံဘာသာရပ်တွင်အားသာသည့်ကျောင်းလားဆိုသည်ကိုသေချာလေ့လာရမှာဖြစ်တယ်။

② 「အထူးပြုဘာသာရပ်」

စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း၊ သိပ္ပံနှင့်သင်္ချာ၊ အားကစား အစရှိသော ဘာသာရပ်များရှိပါသည်။ ကျောင်းပြီးသည့်အခါ လိုင်စင်တခါတည်းရသည့် ဘာသာရပ်လည်းရှိပါသည်။

③ 「အထွေထွေဘာသာရပ်」

ပုံမှန်ဘာသာရပ် နှင့်အထူးပြုဘာသာရပ် နှစ်မျိုးစလုံး သင်ကြားပေးသည့် ဘာသာရပ်ဖြစ်သည်။ အထွေထွေဘာသာရပ်သည် 「ယူနစ်စနစ် 」ဖြစ်သည်။ မသင်မနေရဘာသာရပ် အပြင်မိမိ စိတ်ဝင်စားမှု၊ဝါသနာ၊ဆန္ဒ အပေါ်မူတည်ပြီး၊ ပုံမှန်ဘာသာရပ် နှင့် အထူးပြုဘာသာရပ် ( စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း အစရှိသော) ကိုနှစ်မျိုးစလုံးမှ မိမိသင်ကြားလိုသော ဘာသာရပ်ကို ရွေးချယ်ပြီး၊ မိမိ၏ကိုယ်ပိုင်အချိန်ဇယားကိုရေးဆွဲပြီး သင်ယူရမည်ဖြစ်သည်။

## ➢ ၁နှစ်၁တန်းတက်တဲ့စနစ် နှင့် ယူနစ်စနစ်

အထက်တန်းကျောင်းတွင် အလယ်တန်းကျောင်းနှင့်မတူသည့်အရာမှာ ဘယ်ကျောင်းမဆို 「ယူနစ်စနစ်」မပြည့်မှီပါကကျောင်းမပြီးပါ။ကျောင်းပေါ်မူတည်ပြီး 「၁နှစ်၁တန်းတက်တဲ့စနစ် (ယူနစ်စနစ်နှင့်အတူ) ပညာရေး」နှင့် 「ယူနစ်စနစ် ပညာရေး」တို့ ရှိပါသည်။

### ① 「**၁နှစ်၁တန်းတက်တဲ့စနစ် (ယူနစ်စနစ်နှင့်အတူ)**」

အတန်းတိုင်း အတန်းသစ်တက်ရန် အတွက်သတ်မှတ်ထားသည့် သင်ရိုးအောင်မြင်မှုဆုံးဖြတ်ချက်ရရှိမှသာအတန်းတက်ရပါမည်။အတန်းတိုင်း၏ နောက်ဆုံး တွင်သတ်မှတ်ထားသည့် သင်ရိုးအောင်မြင်မှု ဆုံးဖြတ်ချက်မရရှိပါက အတန်းကျပါမည်။ နောက်တနှစ် ထိုအတန်း၌ပင် ဘာသာရပ်အားလုံး ကိုပြန်၍သင်ယူရမည်။

### ② 「**ယူနစ်စနစ်**」

သတ်မှတ်ထားသည့်ကာလအတိုင်းအတာ (အချိန်ပြည့် ၃ နှစ်)ကျောင်းတက်ပြီး၊ထိုကာလအတွင်းတွင်လိုအပ်သည့်ယူနစ်ပြည့်မှီပါကကျောင်းပြီးခွင့်ရှိပါသည်။အတန်းကျတယ်ဆိုဒါမရှိပေမယ့် သတ်မှတ်ထားသည့်ယူနစ်မပြည့်ပါကကျောင်းမပြီးပါ။

စစ်ဆေးရန် !

## အခြားမြို့ နယ်ပိုင်အထက်တန်းကျောင်းတို့ တွင်လည်းဤကဲ့သို့ သောကျောင်းရှိသည် !

အထက်တန်းကျောင်းတွင် နောက်တခေါက်အခြေခံမှပြန်လည်သင်ကြားလိုသူများအတွက်ကျောင်းဖြစ်သည်။

| | အကြောင်းအမျိုးမျိုးကြောင့်ကျောင်းတက်မမှန်သည့်ကျောင်းသားများအတွက်ဖွင့်လှစ်သောကျောင်း<br>Challenge Schools | ပညာရည်အားနည်းသောကျောင်းသားများအတွက်ဖွင့်လှစ်သောကျောင်း<br>Encourage Schools |
|---|---|---|
| သင်တန်း | နေ့ ခင်းနှင့်ညအချိန်ပိုင်းးကျောင်း<br>မနက်ပိုင်း၊ ညနေပိုင်း ၊ညပိုင်း တို့ မှရွေးချယ်ရပါမည် | အချိန်ပြည့်သင်ရိုး |
| ကျောင်းကာလ | ၃နှစ်ကျော် | ၃နှစ် |
| ဘာသာရပ် | • အထွေထွေဘာသာရပ် （ယူနှစ်စနစ်） | • ပုံမှန်ဘာသာရပ် （၁နှစ်၁တန်းတက်တဲ့စနစ်）<br>• ပုံမှန်အထူးပြုဘာသာရပ် （၁နှစ်၁တန်းတက်တဲ့စနစ်） |
| ဝင်ခွင့်စာမေးပွဲ | ဝင်ခွင့်လျှောက်လွှာနှင့်လူတွေ့ စစ်ဆေးမှု၊ စာစီစာကုံး<br>＊ပညာအရည်အချင်းစစ်ဆေးမှုမရှိ<br>＊ကျောင်းမှတ်တမ်းလည်းမလို(စာမျက်နှာ ၁၆) | အင်တာဗျူး၊ စာတမ်းတို(အက်ဆေး)၊ လက်တွေ့ အစရှိသော<br>＊ပညာအရည်အချင်းစစ်ဆေးမှုမရှိ |
| ထူးခြားချက် | • အလယ်တန်းစာကိုပြန်လည်သင်ကြားခြင်း<br>• အခြေခံဘာသာရပ်<br>• လူနည်းစုစာသင်ခြင်း<br>• လက်တွေ့ သင်ကြားခြင်း၊ စေတနာ့ဝန်ထမ်းအပြည့်အဝရှိခြင်း<br>• စိတ်ဓာတ်ရေးရာအားနည်းမှုကိုဂရုစိုက်၍သွန်သင်ခြင်း<br>＊အလယ်တန်းပညာသင်နှစ်တွင်ရက်ရှည်ကျောင်းပျက်သူများအတွက်ရည်ရွယ်သည် | • ၁ နှစ်ပြီးရင် မိနစ်၃၀စာသင်ချိန်တွင်အခြေခံမှုရင်းကိုပိုင်နိုင်စွာသင်ကြားခြင်း<br>• လူနည်းစုကို • သီးခြားကြပ်မတ်စွာသင်ကြားခြင်း<br>• မနက်ပိုင်းအတန်းထဲတွင်သင်ယူခြင်း<br>• နေ့ လည်ပိုင်းလက်တွေ့ ၊မိမိသင်ယူလိုသည်ကိုရွေးချယ်နိုင်သောသင်ခန်းစာ<br>• တာဝန်ခံဆရာ ၂ ဦး<br>＊ဂရုတစိုက် သေချာစွာသင်ကြားပေးသည် |

စစ်ဆေးရန် !

## ပုဂ္ဂလိကအထက်တန်းကျောင်းမှာတကျောင်းနဲ့ တကျောင်းလုံးဝမတူပါ !

ပုဂ္ဂလိကအထက်တန်းကျောင်းသည်မြို့ နယ်ပိုင်အထက်တန်းကျောင်းနှင့်နှိုင်းယှဉ်လျှင်၊ထိုကျောင်း၏ထူးခြားချက်၊ဓလေ့၊စည်းကမ်းတို့ ရှိပါသည်။ ထို့ အပြင်သင်ကြားမှုကိုအဓိကထားသည့်ကျောင်းနှင့်အားကစားကိုအဓိကထားသည့်ကျောင်းအစရှိသောကျောင်း၏ထူးခြားချက်အမျိုးမျိုးရှိပါသည်။ဘယ်လိုကျောင်းလည်းဆိုဒါကို ကျောင်း၏လမ်းညွှန်စာအုပ်ကို သေချာဖတ်ရပါမည်။

ကျောင်းစရိတ်ကနိုင်ငံပိုင်၊ ပြည်သူပိုင်ကျောင်းထက်စာရင်စျေးကြီးပါသည်။ အမျိုးမျိုးသောထောက်ပံ့မှုစနစ်များရှိပေမယ့်အားကစားနှင့်ပွဲလမ်းသဘင်တို့ တွင်ကုန်ကျမည့်စရိတ်တို့ ကိုစဉ်းစားကြည့်မယ်ဆိုရင်တောင်နိုင်ငံပိုင်၊ပြည်သူပိုင်ကျောင်းတွေထက်တော့မသက်သာနိုင်ပါ။ တက္ကသိုလ်သို့ ဆက်လက်ပညာသင်ဆည်းပူးသင်ယူလိုလျှင်အထက်တန်းကျောင်းတက်သည့်အချိန်တက်နိုင်သလောက်(ပိုက်စံမချေးဘဲ)ကျောင်းတက်နိုင်အောင်ကြိုးစားကြရအောင်။

ပုဂ္ဂလိကအထက်တန်းကျောင်း နှင့်ပတ်သတ်၍အောက်ပါ ဝက်ဘ်ဆိုက်မှ သတင်းအချက်အလက်ကိုရယူနိုင်ပါသည်။

http://www.tokyoshigaku.com/

## ၂။ အထက်တန်းကျောင်းတက်ရင်ကုန်ကျစရိတ်ဘယ်လောက်လည်း။～ပြည်သူပိုင်ကျောင်း၊ပုဂ္ဂလိကကျောင်းစရိတ်～

### (၁) ပြည်သူပိုင်၊ ပုဂ္ဂလိကပိုင်

「နိုင်ငံပိုင်၊ပြည်သူပိုင်အထက်တန်းကျောင်း」 (နိုင်ငံပိုင်အထက်တန်းကျောင်း၊မြို့နယ်ပိုင်အထက်တန်းကျောင်းအစရှိသော) နှင့်「ပုဂ္ဂလိကအထက်တန်းကျောင်း」 တို့တွင်ကျောင်းစရိတ်ကအများကြီးကွာခြားပါတယ်။ ကျောင်းစရိတ်ကနိုင်ငံပိုင်အထက်တန်းကျောင်းကပုဂ္ဂလိကအထက်တန်းကျောင်း ထက်စာရင်သက်သာပါတယ်။ပုဂ္ဂလိကအထက်တန်းကျောင်းကပျမ်းမျှအားဖြင့်ကျောင်းစရိတ်ကဈေးကြီးတဲ့အတွက် ပစ္စည်းကရိယာ ကပြည့်စုံဒါများတယ်။

➢ **မြို့နယ်ပိုင်ကျောင်း၏ကျောင်းစရိတ်**

| | အချိန်ပြည့် | | အချိန်ပိုင်း | | အဝေးသင် | |
|---|---|---|---|---|---|---|
| | ပထမနှစ် | ဒုတိယနှစ် နှင့် တတိယနှစ် | ပထမနှစ် | ဒုတိယနှစ်～ | ပထမနှစ် | ဒုတိယနှစ်～ |
| ကျောင်းဝင်ခွင့်စာမေးပွဲကြေး | ၂,၂၀၀ယန်း | - | ၉၅၀ ယန်း | - | - | - |
| ကျောင်းဝင်ကြေး | ၅,၆၅၀ယန်း | - | ၂,၁၀၀ ယန်း | - | ၅၀၀ယန်း | - |
| ကျောင်းလခ | ၁၁၈,၈၀၀ ယန်း | | ၃၂,၄၀၀ ယန်း | | ၃၆၆ ယန်း(၁ ယူနစ်)×သင်ယူသည့်ဘာသာရပ်ယူနစ် | |
| ဖတ်စာအုပ်ဖိုး | ＊ကျောင်းတကျောင်းနဲ့ တကျောင်းမတူပါ | | ＊ကျောင်းတကျောင်းနဲ့ တကျောင်းမတူ | | | |
| ကုန်ကျစရိတ် | ယန်း၁သိန်း～ယန်း၂ သိန်း | | ယန်း၃သောင်း～ | | ကုန်ကျမှုမရှိလှပါ | |
| ထမင်းစရိတ် | - | | ＊ကျောင်းတကျောင်းနဲ့ တကျောင်းမတူ | | - | |
| စုစုပေါင်း | ယန်း၃ သိန်း～ | ယန်း၂ သိန်း ၅သောင်း～ | ယန်း ၈ သောင်း～ | | ယန်း ၈ သောင်း～ | |

➢ **ပုဂ္ဂလိကပိုင်ကျောင်း၏ကျောင်းစရိတ်**

| | ပထမနှစ် | ဒုတိယ၊တတိယနှစ် |
|---|---|---|
| ကျောင်းဝင်ခွင့်စာမေးပွဲကြေး | ယန်း၁သောင်း～ ယန်း၂ သောင်း | — |
| ကျောင်းဝင်ကြေး | ယန်း ၂ သိန်း～ ယန်း ၄ သိန်း | |
| အဆောက်အဦးခ | ယန်း ၁ သိန်း～ | |
| ကျောင်းလခ | ယန်း ၄ သိန်း～ | |
| ဖတ်စာအုပ်ဖိုး | ＊ကျောင်းတကျောင်းနဲ့ တကျောင်းမတူ | |
| ကုန်ကျစရိတ် (PTAအဖွဲ့ ဝင်ကြေး) | ယန်း၂ သိန်း ၅သောင်း～ | |
| ထမင်းစရိတ် | — | — |
| စုစုပေါင်း | ယန်း ၁၀ သိန်း～ | ယန်း ၈၀ သိန်း～ |

★ဒီပြင်ကုန်ကျမည့်စရိတ် !
・အားကစားစရိတ်
(အားကစားအကျႌ ၊ပြိုင်ပွဲဝင်ကြေး)
・**ကျောင်းခရီးစဉ်ကုန်ကျစရိတ်**
(၁ သိန်း～ ၁ သိန်း ၅ သောင်း)
・လမ်းစရိတ်
(ရထားဖြင့်ကျောင်းကျောင်းတက်သူများအတွက်)

**【ကိုးကား】**
ဟေးဆေး၂၆နှစ် ပညာရေး ယဉ်ကျေးမှု အားကစား, သိပ္ပံနည်း၊ပညာရေး ဝန်ကြီးဌာန 「ကလေးပညာသင်ကြားရေးစစ်တမ်း」 တိုကျိုဘဝ ယဉ်ကျေးမှုဌာန 「၂၇ နှစ်တိုကျိုပုဂ္ဂလိကပိုင်ကျောင်းအုပ်ချုပ်ရေး」

※အထူးသဖြင့် ပုဂ္ဂလိကပိုင်ကျောင်း၏ကျောင်းစရိတ် နှင့်ပတ်သက်၍ကျောင်း၏လမ်းညွှန်စာအုပ်ကိုကောင်းစွာလေ့လာရပါမည်။

## (၂) ကျောင်းစရိတ်ပေးဆောင်ရန်အခက်အခဲရှိပါက

➢ **ထောက်ပံ့မှုစနစ်နှင့်ပတ်သက်၍**

အထက်တန်းကျောင်း သို့ ဆက်လက်ပညာသင်ယူချင်သော်လည်း စီးပွားရေးအခြေအနေကြောင့် ကျောင်းစရိတ်ပေးဆောင်ရန် အခက်အခဲရှိပါက ထောက်ပံ့မှုစနစ်လည်းရှိပါသည်။ ၃ မျိုးရှိပါသည်။

① 「ကျောင်းလခ ကိုလျှော့ပေးခြင်း (=လျှော့ပေါ့ရေးစနစ်)」

② 「ငွေကြေးထောက်ပံ့ပေးခြင်း (=ထောက်ပံ့သည့်စနစ်)」

③ 「ငွေကြေးထုပ်ချေးသည့်စနစ် (=ချေးငွေစနစ် · ချေးငွေ)」

ချေးငွေစနစ်တွင် 「အတိုးပေးရန်」 နှင့် 「အတိုးမပေးရန်」 ဟူ၍ရှိသည်။

မည်သည့်ထောက်ပံ့ကြေးစနစ်မဆို ခံစားပိုင်ခွင့်ကို အိမ်ဓာ၏စီးပွားရေးအခြေအနေ၊ ပညာအရည်အချင်းပေါ်မူတည်ပြီး ထောက်ပံ့မှုစနစ်များ ခံစားနိုင်ပါသည်။မည်သူမဆို ခံစားပိုင်ခွင့်မရပါ။

| နိုင်ငံပိုင်၊ပြည်သူပိုင်အထက်တန်းကျောင်းအတွက်ကုန်ကျစရိတ်ထောက်ပံ့မှု | ※ လူတိုင်းခံစားခွင့်မရှိပါ |
|---|---|
| **အထက်တန်းကျောင်းဝင်ခွင့်ထောက်ပံ့မှု ( နိုင်ငံ )** | |
| လျှော့ပေါ့မှုစနစ် : ငွေသားကိုလက်ဝယ်မပေးပါ | ကျောင်းလခ=၁၁၈,၈၀၀ ယန်း |
| **နိုင်ငံပိုင်၊ပြည်သူပိုင်အထက်တန်းကျောင်းများအတွက်ပညာရည်ထူးချွန်ဆု ( မြို့တွင်း)** | |
| ပညာသင်ဆု : ပြန်ပေးရန်မလို | ၃၂,၃၀၀ ယန်း〜၁၂၉,၇၀၀ ယန်း |
| **တိုကျိုမြို့ ၏ပညာသင်ချေးငွေ (မြို့တွင်း)** | |
| ချေးငွေအမျိုးအစား : ပြန်ဆပ်ရန်တာဝန်ရှိ (= အကြွေး) | ၁၈,၀၀၀ ယန်း〜၃၅,၀၀၀ ယန်း |

| ပုဂ္ဂလိကအထက်တန်းကျောင်းအတွက်ကုန်ကျစရိတ်ထောက်ပံ့မှု | ※ လူတိုင်းခံစားခွင့်မရှိပါ |
|---|---|
| **အထက်တန်းကျောင်းဝင်ခွင့်ထောက်ပံ့မှု ( နိုင်ငံ )** | |
| လျှော့ပေါ့မှုစနစ် : ငွေသားကိုလက်ဝယ်မပေးပါ | ၁၁၈,၈၀၀ ယန်း+၅၉,၄၀၀ ယန်း〜၁၇၈,၂၀၀ယန်း |
| **ကျောင်းလခလျှော့ပေါ့ထောက်ပံ့မှု (မြို့တွင်း)** | |
| လျှော့ပေါ့မှုစနစ် : ငွေသားကိုလက်ဝယ်မပေးပါ | ၉၀,၀၀၀ယန်း〜၁၃၅,၀၀၀ယန်း |
| **ပညာသင်ဆု ( မြို့တွင်း)** | |
| ပညာသင်ဆု : ပြန်ပေးရန်မလို | ၃၉,၈၀၀ ယန်း • ၅၂,၆၀၀ယန်း • ၁၃၈,၀၀၀ ယန်း |
| **တိုကျိုမြို့ ၏ပညာသင်ချေးငွေ (မြို့တွင်း)** | |
| ချေးငွေအမျိုးအစား : ပြန်ဆပ်တာဝန်ရှိ (= အကြွေး) | ၃၅,၀၀၀ ယန်း／လ |

**စစ်ဆေးရန် !**

နိုင်ငံပိုင်၊ပြည်သူပိုင်အထက်တန်းကျောင်းမှာ「ကျောင်းဝင်ခွင့်ထောက်ပံ့မှု 」ကိုရရှိပါက「ကျောင်းစရိတ်」ပေးသွင်းရန်မလိုပါ။ပုဂ္ဂလိကကျောင်းမှာ「ကျောင်းဝင်ခွင့်ထောက်ပံ့မှု 」စနစ်ဒါမှမဟုတ်「ကျောင်းလခလျှော့ပေါ့ထောက်ပံ့မှု」ကိုရရှိပါက ကျောင်းလခသက်သာပါမည်။ကုန်ကျစရိတ်အားလုံးကိုထောက်ပံ့မှုရရှိရန်ခက်ခဲပါသည်။မိမိဘက်မှလည်းကုန်ကျစရိတ်အတွက်ပြင်ဆင်ရန်လိုအပ်ပါသည်။

| ပုဂ္ဂလိကပညာသင်ဆု ※ လူတိုင်းခံစားခွင့်မရှိပါ |
|---|
| **နေထိုင်မှုထောက်ပံ့မှုအစီအစဉ် / လူမှုဖူလုံရေးဖောင်ဒေးရှင်း support 21** |
| တနစ်ထောက်ပံ့ကြေး ယန်း ၅၀၀၀ မှ ယန်း ၁၀၀၀၀ / လ ( အထက်တန်းကျောင်းသားအတွက်)<br>http://support21.or.jp/needsupport/scholarship-seikatsu/ |
| **ဒုက္ခသည်ပညာသင်ဆု/ အာရှနိုင်ငံတကာပံ့ပိုးမှုဖောင်ဒေးရှင်း** |
| ကျောင်းပြီးသည့်အထိထောက်ပံ့ကြေး ယန်း ၁၀၀၀၀/လ ( အထက်တန်းကျောင်းသားအတွက်)<br>**http://fiaa.or.jp/support.html** |
| **ချီရီကို ပညာသင်ဆု / REN: refugee empowerment network** |
| ကျောင်းပြီးသည့်အထိထောက်ပံ့ကြေး ယန်း ၂ သိန်း/နှစ် **http://ren-nanmin.org/scholarship/** |

**ပုဂ္ဂလိကအထက်တန်းကျောင်းပေါ်မူတည်၍「ပညာသင်ဆုစနစ်」**

ပုဂ္ဂလိကအထက်တန်းကျောင်းပေါ်မူတည်ပြီး၊**ကျောင်းလခအားလုံး(သို့ )တချို့ ကိုလျှော့ပေါ့သည့်စနစ်**ရှိပါသည်။ကျောင်းပေါ်မူတည်၍သတ်မှတ်ချက်များမတူပါ။ကျောင်းအများစုမှာကျောင်းသားမှတ်တမ်းနှင့်ရေးဖြေစာမေးပွဲ၏အဆင့်ပေါ်မူတည်ပြီးဆုံးဖြတ်သည်။စိတ်ဝင်စားမှုရှိပါက ၊ကျောင်းမှဆရာများနှင့်တိုင်ပင်သင့်သည်။

**「စာမေးပွဲဖြေဆိုမည့်ကျောင်းသားအတွက်အရည်အချင်းစိန်ခေါ်မှုထောက်ပံ့ချေးငွေ」**

တတိယနှစ် အလယ်တန်းကျောင်းသားများအတွက် တိုကျိုမြို့မှတာဝန်ယူလုပ်ဆောင်သည်။မိသားစုအခြေအနေပေါ်မူတည်၍လျှောက်ပိုင်ခွင့်မရသူများလည်းရှိသည်။အလယ်တန်း တတိယနှစ်တွင် ကျူရှင်ခ ယန်း ၂သိန်း အထိ၊ အထက်တန်းစားမေးပွဲဝင်ကြေး ယန်း ၂၇,၄၀၀ အထိထုတ်ချေးပေးပါသည်။အထက်တန်းကျောင်းဝင်ခွင့်အောင်မြင်ပါကချေးထားသည့်ပိုက်ဆံပြန်ဆပ်ရန်မလိုပါ။

http://www.fukushihoken.metro.tokyo.jp/seikatsu/teisyotokusyataisaku/jukenseichallenge.html

## ၃။ အထက်တန်းကျောင်းကိုမည်သို့ ရွေးချယ်ရမလည်း။~မိမိတက်ရောက်လိုသည့်ကျောင်းကိုဆုံးဖြတ်ရန်အချက်များ ~

### (၁) ကျောင်းနှင့်ပတ်သက်၍စုံစမ်းရမည် ၊ သွားရောက်လေ့လာရမည်၊ ပါဝင်ရမည်

မိမိသိရှိလိုသည့်ကျောင်းနှင့်ပတ်သတ်ပြီးဆရာများထံတွင်လည်းကောင်း၊ကျောင်းသားဟောင်းများထံတွင်လည်းကောင်းနေမေးမြန်းယုံနှင့် အင်တာနက်၊ စာအုပ်တို့ တွင်ရေးထားသည့် အချက်အလက်များနှင့် မိမိ၏ရှေ့ အနာဂတ်ကိုဆုံးဖြတ်ဖို့ ရန်မသင့်လျှော်ပါ။ မိမိကိုယ်တိုင်ကျောင်းသို့ သွားရောက်ခြင်း။ကျောင်း၏ရှင်းလင်းပွဲများတက်ရောက်နားထောင်ခြင်းဖြင့်ကျောင်း၏အနေအထားကိုကြည့်ရှုလေ့လာထားရပါမည်။

- ကျောင်း၏အနေအထား၊ဓလေ့ထုံးစံတို့ သည်မိမိနှင့်လိုက်လျှော်ညီထွေမှုရှိမရှိ။
- ထိုကျောင်းသို့ တက်ရောက်သင်ကြားသည့်အခါ မိမိ၏သင်ယူလိုသည့်ဘာသာရပ် ၊ အားကစားတို့ အမှန်တကယ်လုပ်ဆောင်နိုင်မည်လား။
- ၃ နှစ်အတွင်းလမ်းပန်းသွားလာရေးခက်ခဲမရှိဘဲတက်ရောက်နိုင်မည်လား။
- ကျောင်းပြီးဆုံးသည့်အထိကျောင်းစရိတ်ပေးဆောင်နိုင်မလား။
- ကျောင်းပြီးဆုံးပြီးနောက်ကျောင်းသား၏ရှေ့ ဆက်ပညာသင်ယူမှုအခြေအနေကဘယ်လိုလည်း။သင်၏ရည်မှန်းချက်အတိုင်းရှေ့ ဆက်ပညာသင်ယူနိုင်မလား။

※ အကြောင်းအမျိုးမျိုးကြောင့်ကျောင်းတက်မမှန်သည့်ကျောင်းသားများအတွက်ဖွင့်လှစ်သောကျောင်း Challenge Schools နှင့် ပုဂ္ဂလိကကျောင်း တို့ ကို သွားရောက်လေ့လာခြင်းအားဖြင့် ထင်မြင်ယူဆချက်ပြောင်းသွားနိုင်ပါသည်။

※ ကျောင်းများစွာသို့ သွားရောက်မလေ့လာပါက၊ ကျောင်း၏အားသာချက်၊အားနည်းချက်များကို နှိုင်းယှဉ်လို့ မရပါ။ကျောင်းများသို့စောလျင်စွာသွားရောက်လေ့လာကြရအောင်။

**「အခြားသောဘာသာစကားဖြင့်အထက်တန်းလမ်းညွှန်မှု」**

နိုင်ငံရပ်ခြားနှင့်ပတ်သက်သည့်ကျောင်းသား သို့ မဟုတ်ကျောင်းသားမိဘများအတွက် 「ဂျပန်ဘာသာစကားသည်မိမိ၏မိခင်ဘာသာစကားမဟုတ်သောမိဘနှင့်ကလေးများအတွက်အခြားသောဘာသာစကားဖြင့်အထက်တန်းလမ်းညွှန်မှု」 ကျင်းပသည်။ကျောင်းဝင်ခွင့်နှင့်ပတ်သက်၍မိဘရောကျောင်းသားပါအသေအချာနားလည်သဘောပေါက်ပြီးဆွေးနွေးတိုင်ပင်ကြဖို့ လိုအပ်ပါတယ်။လမ်းညွှန်မှုများကိုကျောင်းသားနှင့်မိဘများအတူတကွသွားရောက်နားထောင်သင့်ပါသည်။
http://www.tokyoguidance.com/

※ ၂၀၁၅ ပညာရေးနှစ်တွင်အောက်ပါအတိုင်းကျင်းပခဲ့ပါသည်။

| | |
|---|---|
| ၇ လ ၅ ရက် | Musashino swing Building (Musashino-shi) |
| ၇ လ ၁၉ ရက် | Ota-ku Ward Offic (Ota-ku) |
| ၇ လ ၂၆ ရက် | Toyo University Hakusan campus (Bunkyo-ku, Tokyo) |
| ၁၀ လ ၁၈ ရက် | Hachioji Tokyu Square Building (Hachioji-shi) |
| ၁၀ လ ၂၅ ရက် | Shinagawa Koyamadai Hall (Shinagawa-ku) |
| ၁၁ လ ၂၂ ရက် | Toyo University Hakusan campus (Bunkyo-ku, Tokyo) |

## ( ၂ ) မိမိ၏ပညာစွမ်းရည်နှင့်ကိုက်ညီသည့်ကျောင်းကိုရွေးချယ်ခြင်း

ပတ်ဝန်းကျင်ကိုဂရုစိုက်ပြီး မိမိတက်ချင်သောကျောင်းမဟုတ်ဘဲဝင်ရောက်ဖြေဆိုခြင်း။သူငယ်ချင်းမှဝင်ခွင့်ဖြေမည်ဆိုသောကြောင့် မိမိ၏အဆင့်ကိုမြှင့်တင်ခြင်း၊နိမ့်ချခြင်းမလုပ်ဘဲနဲ့ ၊ မိမိ၏ရှေ့ ရေးအတွက်ရည်မှန်းချက်၊ စိတ်ဝင်စားမှု၊အရည်အချင်းမိမိ၏စရိုက်နှင့် ကိုက်ညီမည့်ကျောင်းကိုသာရွေးချယ်ကြပါစို့ ။

မိမိ၏အရည်အချင်းထက်မြင့်သောအထက်တန်းကျောင်းသို့ ဝင်ရောက်မိသဖြင့်၊မိမိ၏အဆင့်မှာအနိမ့်ဆုံးနေရာတွင်ရှိနေတတ်သည်။ တနည်းအားဖြင့် နာမည်ကျော်ကြားသောအထက်တန်းကျောင်းမဟုတ်သော်လည်းမိမိနှင့်အပ်စပ်သည့်အထက်တန်းကျောင်းသို့ တက်ရောက်ခြင်းအားဖြင့် မိမိ၏အရည်အချင်းမှာတဆင့်ပြီးတဆင့်မြင့်လာခြင်းလည်းရှိတတ်ပါသည်။

အထက်တန်းကျောင်း၏အရည်အချင်းအဆင့်များကိုကျောင်းမှဆရာများထံမေးမြန်းခြင်း၊ အင်တာနက် homepage များတွင်ရှာဖွေကြည့်ရှုနိုင်ပါသည်။

အောက်ဖေါ်ပြပါ homepage မှကြည့်ရှုနိုင်ပါသည်။အထက်တန်းကျောင်းဝင်ခွင့်၊အထက်တန်းကျောင်းများပွဲပိုးရေးအဆင့်များ

http://kintaro.boy.jp/

※ Hensachi=ကျောင်း၏အဆင့်ကိုဂဏန်းဖြင့်ဖော်ပြပါသည်။ 「၅၀」 သည်အလယ်အလတ်ဖြစ်ပြီး အနိမ့်ဆုံး ၃၀လောက်မှ ၇၀ အထိ ရှိသည်။

## (၃) အစမ်းစားမေးပွဲဖြေဆိုခြင်းဖြင့်မိမိ၏လက်ရှိအမှတ်ကိုသိရှိနိုင်ခြင်း

အစမ်းစာမေးပွဲဖြေဆိုခြင်းအားဖြင့် မိမိ၏အရည်အချင်းအဆင့်ကို သိရှိနိုင်ရန်အတွက် အကောင်းဆုံးဖြစ်သည်။ တိုကျိုမြို့၏အစိုးရကျောင်း၊ကိုယ်ပိုင်အထက်တန်းကျောင်းများသို့ တက်ရောက်လိုသူများသည်အများအားဖြင့်( V **MOGI** ) အစမ်းစာမေးပွဲကိုဖြေဆိုကြသည်။ကျောင်း သို့ မဟုတ်ကျူရှင်များမှတဆင့်ဖြေခွင့်လျှောက်လွှာတင်သွင်းနိုင်သည်။မိမိကိုယ်တိုင်လည်း ဖြေဆိုရန်လျှောက်လွှာကိုတင်သွင်း၍ရသည်။စာမေးပွဲဝင်ကြေးမှာ ယန်း ၄၅၀၀ ဖြစ်သည်။မိမိတက်ရောက်လိုသော ပထမဦးစားပေးကျောင်း၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေး အစရှိသည်တို့ ကိုဆုံးဖြတ်နိုင်ရန်အတွက် အစမ်းစာမေးပွဲကို အကျိုးရှိစွာဖြင့် အသုံးချသင့်ပါသည်။

http://www.shinken.co.jp/index.php

## (၄) မိဘအုပ်ထိန်းသူ ၊ ကျောင်းဆရာများနှင့်တိုင်ပင်ရင်းနောက်ဆုံးတွင်မိမိ၏ဆန္ဒအရတက်ရောက်လိုသောကျောင်းကိုဆုံးဖြတ်ခြင်း

ဥပမာအားဖြင့် မည်သို့ သောရလဒ် ( တက်ရောက်ခွင့်/ရရှိခြင်း/မရရှိခြင်း)ဖြစ်ပါစေ မိမိကိုယ်တိုင်ဆုံးဖြတ်ထားသဖြင့်နောင်တရသော်လည်းဖြေသာနိုင်ပါသည်။ကျောင်းနှင့်ပတ်သက်၍စေ့စပ်သေချာစွာလေ့လာပြီး၊မိမိ၏ဘဝရှေ့ ရေးကိုစဉ်းစားရင်း မိမိကိုယ်တိုင်ကျေနပ်စွာတက်ရောက် နိုင်မည့်ကျောင်းကိုရွေးချယ်သင့်ပါသည်။အထက်တန်းကျောင်းသည်မသင်မနေရပညာရေးစနစ်မဟုတ်ပါ။ထို့ ကြောင့် မိမိကိုယ်တိုင်သေချာစွာစဉ်းစားရွေးချယ်ဆုံးဖြတ်ရန် လိုအပ်သည်။သင်၏ဘဝရပ်တည်ရေးအတွက်ပထမခြေလှမ်းဖြစ်သည်။

## ၄ ။ အထက်တန်းကျောင်းတက်ရန်အားလုံးဝင်ခွင့်စာမေးပွဲကိုဖြေရမှာလား။ ～ ဝင်ခွင့်စာမေးပွဲစနစ် ～

### （၁） 「ထောက်ခံစာဖြင့်ဝင်ခွင့်စာမေးပွဲ」（SUISEN )နှင့် 「ပုံမှန်ဝင်ခွင့်စာမေးပွဲ」（IPPAN )

မြို့နယ်ပိုင်အထက်တန်းကျောင်း ရော ပုဂ္ဂလိကပိုင်အထက်တန်းကျောင်း ရော ဝင်ခွင့်စာမေးပွဲနှင့်ပတ်စက်၍ ၂ မျိုးခွဲခြားထားသည်။ 「ထောက်ခံစာဖြင့်ဝင်ခွင့်စာမေးပွဲ」 နှင့် 「ပုံမှန်ဝင်ခွင့်စာမေးပွဲ」 ဖြစ်သည်။

「ထောက်ခံစာဖြင့်ဝင်ခွင့်စာမေးပွဲ」 တွင်အရည်အချင်းစစ် စာမေးပွဲမရှိသော်လည်း 「ပုံမှန်ဝင်ခွင့်စာမေးပွဲ」 တွင်အရည်အချင်းစစ် စာမေးပွဲရှိသည်။

မြို့နယ်ပိုင်အထက်တန်းကျောင်း၏ 「ထောက်ခံစာဖြင့်ဝင်ခွင့်စာမေးပွဲ」 သည်ထောက်ခံစာရရှိသော်လည်း အများအားဖြင့်ကျရှုံးသူများပြားသည်။ ပုဂ္ဂလိကပိုင်အထက်တန်းကျောင်း၏ 「ထောက်ခံစာဖြင့်ဝင်ခွင့်စာမေးပွဲ」 သည်ထောက်ခံစာ၏ လိုအပ်သည့်အကြောင်းအရာအချက်အလက်များကို တိကျစွာဖော်ပြထားသောကြောင့်ကျရှုံးသူနည်းပါးခြင်းဖြစ်သည်။

➢ **<u>မြို့နယ်ပိုင်အထက်တန်းကျောင်း၏ဝင်ခွင့်စာမေးပွဲ</u>**

မြို့နယ်ပိုင်အထက်တန်းကျောင်းဝင်ခွင့်စာမေးပွဲကိုအောက်ဖော်ပြပါအမျိုးအစား ၃ မျိုးရှိပါသည်။

| | ဖြေဆိုခွင့်ရှိသူ | စာမေးပွဲပုံစံ | ရက်စွဲ | အခြား |
|---|---|---|---|---|
| ထောက်ခံစာဖြင့်ဝင်ခွင့်စာမေးပွဲ | အလယ်တန်းကျောင်းအုပ်၏ထောက်ခံစာလိုအပ်သည်။ | ကျောင်းသားမှတ်တမ်း၊ ထောက်ခံစာ+ ကိုယ်တိုင်ရေးအရည်အချင်းမှတ်တမ်း +အုပ်စုလိုက်ဆွေးနွေးခြင်း၊လူတွေ့စစ်ဆေးမှု+စာစီစာကုံး | လျှောက်လွှာတင် : ၁လ ၂၀ရက် ပတ်ဝန်းကျင်<br>စာမေးပွဲရက် : ၁လပိုင်းအကုန်<br>အောင်စာရင်း : ၂လပိုင်းမစ | အောင်မြင်သူ ၉,၁၂၀ ယောက်<br>ဖြေဆိုသူ ၂၉,၄၉၆ ယောက်<br>*အောင်မြင်လျှင်မတက်မနေရ |
| ပုံမှန်ဝင်ခွင့်စာမေးပွဲ | အလယ်တန်းကျောင်းအောင်မြင်မည့်သူအောင်မြင်ပြီးသူမည်သူမဆိုဖြေဆိုခွင့်ရှိသည် | အရည်အချင်းစစ်ဆေးခြင်း (မြို့နယ်ပိုင်အချိန်ပြည့်ကျောင်းသည်၅ဘာသာရပ်)+ ကျောင်းသားမှတ်တမ်း | လျှောက်လွှာတင် : ၂လပိုင်းအစ<br>စာမေးပွဲရက် : ၂လပိုင်းအကုန်<br>အောင်စာရင်း : ၃လပိုင်းအစ | အောင်မြင်သူ ၃၁,၉၄၁ ယောက်<br>ဖြေဆိုသူ ၄၅,၁၄၈ ယောက်<br>(၂၀၁၅ နှစ်အတွက်) |
| နိုင်ငံခြားသားများအတွက်ထောက်ခံစာဖြင့်ဝင်ခွင့်စာမေးပွဲ | ဂျပန်နိုင်ငံသို့ ရောက်ရှိပြီး၃ နှစ်အတွင်း | စာစီစာကုံးနှင့် လူတွေ့ စစ်ဆေးခြင်းအင်္ဂလိပ် (သို့ )ဂျပန်စကားဖြင့်+ မိမိ၏အရည်အချင်းမှတ်တမ်း | ထောက်ခံစာဖြင့်စာမေးပွဲဖြေဆိုခြင်းနှင့်တူညီသည်။ | Asuka High School, International High School, Tagara High School ,Minamikatsushika High School Katsushika, Takenodai high school<br>၅ ကျောင်း ( ၂၀၁၅ နှစ်) |

## ၁) <u>ထောက်ခံစာဖြင့်ဝင်ခွင့်စာမေးပွဲဖြေဆိုခြင်း</u>

- အများအားဖြင့်အချိန်ပြည့်ကျောင်းများတွင်ပြုလုပ်လေ့ ရှိသည်။
- ပုံမှန်ထောက်ခံစာ နှင့် ယဉ်ကျေးမှု၊အားကစား အစရှိသည့် အထူးထောက်ခံစာဟူ၍ရှိသည်။
- အရည်အချင်းစစ်စာမေးပွဲမရှိပါ။ဝင်ခွင့်ရ၊မရ သည်မှာအများအားဖြင့် **<u>ကျောင်းသားမှတ်တမ်းနှင့်လူတွေ့ စစ်မေးခြင်း စာမျက်နှာ၁၆( ကိုယ်တိုင်ရေးအရည်အချင်းမှတ်တမ်း )၊ အုပ်စုလိုက်ဆွေးနွေးခြင်း</u>**များဖြင့်ဆုံးဖြတ်သည်။ စာတန်းတိုပြုစုခြင်း၊ စာစီစာကုံး၊မိမိ၏ ထူးချွန်မှုများကိုလက်တွေ့ စစ်ဆေးသောကျောင်းများလည်းရှိပါသည်။
- အလယ်တန်းကျောင်းတက်စဉ်ရွေးကောက်ခြင်းလည်းရှိသည်။အလယ်တန်းကျောင်းအုပ်၏ထောက်ခံစာလိုအပ်သော်လည်း၊ အလယ်တန်းကျောင်းမှထောက်ခံစာရရှိသော်လည်း ဝင်ခွင့်ရရှိမည်ဟုသတ်မှတ်၍မရပါ။သာမာန်အားဖြင့်ပြောရမည်ဆိုလျှင် **<u>ထောက်ခံစာဖြင့်မိမိတက်ရောက်လိုသောကျောင်းသို့ ဝင်ခွင့်ရရှိရန်ခက်ခဲ</u>**သည်ဟုပြောရမည်ဖြစ်သည်။
- ထောက်ခံစာဖြင့်ကျောင်းဝင်ခွင့်ရရှိလျှင်ထိုကျောင်းသို့ မဖြစ်မနေတက်ရောက်ရမည်ဖြစ်သည်။ထောက်ခံစာဖြင့်ဝင်ခွင့်ရရှိသူ သည်သာမာန်ဝင်ခွင့် စာမေးပွဲကိုဝင်ရောက်ဖြေဆိုခွင့်မရှိပါ။

| အချိန် | လုပ်ရမည့်အကြောင်းအရာ |
|---|---|
| ၁၂ လပိုင်းဝန်းကျင် | အလယ်တန်းကျောင်းအုပ်ထံ ထောက်ခံစာတောင်းခံခြင်း။<br>※ကျောင်းသားများ၏နေ့ စဉ်ပညာဆည်းပူးလေ့လာခြင်းနှင့်နေထိုင်လှုပ်ရှားမှုအခြေအနေစသည်တို့ ကိုစောင့်ကြည့်ပြီးထောက်ခံစာထုတ်ပေးသင့်မသင့်ကိုဆုံးဖြတ်သည်။ |
| ၁ လ ၂၀ ရက် ဝန်းကျင် | ကျောင်းသားများသည် အလယ်တန်းကျောင်းမှ တဆင့်အထက်တန်းကျောင်းသို့ ကျောင်းဝင်ခွင့်စာမေးပွဲဖြေဆိုရန် လျှောက်လွှာတင်ခြင်း ၊ ကိုယ်တိုင်ရေးအရည်အချင်းမှတ်တမ်းတင်ပြခြင်းများပြုလုပရမည်။အလယ်တန်းကျောင်းမှ ကျောင်းသားများ၏ကျောင်းသားမှတ်တမ်းကိုတင်ပြရမည်။ |
| ဇန်နဝါရီလကုန်ပိုင်း | အထက်တန်းကျောင်းများတွင်အုပ်စုလိုက်ဆွေးနွေးခြင်း၊တဦးခြင်းလူတွေ့ စစ်မေးခြင်း၊စာတန်းတိုပြုစုခြင်း(သို့ )စာစီစာကုံး၊လက်တွေ့ စစ်ဆေးခြင်းအစရှိသည်တို့ ကိုကျင်းပသည်။ |
| ဖေဖဝါရီလအစပိုင်း | ကျောင်းဝင်ခွင့်စာရင်းထုတ်ပြန်ခြင်း⇒ကျောင်းတက်ရောက်ရန်မှတ်ပုံတင်ခြင်း |

**စစ်ဆေးရန် !**

### <u>ကိုယ်တိုင်ရေးအရည်အချင်းမှတ်တမ်း ( JIKO-PR CARD )</u>

မိမိကိုယ်တိုင်ရေးသားရမည့် အရည်အချင်းမှတ်တမ်းထဲတွင်ကျောင်းဝင်ခွင့်အစာမေးပွဲဖြေဆိုလိုသည့်အကြောင်းအရာ၊အလယ်တန်း ပညာသင်ကာလအတွင်း မိမိ၏တိုးတက်မှုနှင့်ပတ်သက်၍၊အထက်တန်းကျောင်းအောင်မြင်ပြီးနောက် မိမိ၏ရည်မှန်းချက်အစရှိသည် တို့ ပါဝင်ရမည်ဖြစ်သည်။ မိမိတက်ရောက်လိုသည့်ကျောင်း၏သတ်မှတ်ထားသော အရည်အချင်းနှင့်ပြည့်မှီရန်လိုအပ်သလိုပြင်ဆင်ပြီး ရေးသားရမည်။ နှစ်စဉ်နှစ်တိုင်းအထက်တန်းကျောင်းများသည် မိမိတို့ ကျောင်းတွင်လက်ခံမည့်ကျောင်းသားများ၏စံချိန်စံသွေးများကို ထုတ်ပြန်လေ့ရှိသည်။

**စစ်ဆေးရန် !**

### <u>အုပ်စုလိုက်ဆွေးနွေးခြင်း</u>

သတ်မှတ်ထားသော ခေါင်းစဉ်ကိုအုပ်စုဖွဲ့ ပြီးဆွေးနွေးခြင်းဖြစ်သည်။မိမိ၏အမြင်သဘောထားကိုတိကျစွာပြောဆိုဆွေးနွေးနိုင်ခြင်း၊ တဖက်သား၏အမြင်၊ သဘောထားနှင့် ဆွေးနွေးတင်ပြမှုများကိုသေချာစွာနားထောင်ခြင်း၊ မိမိ၏စဉ်းစားတွေးခေါ်မှုများကို တဖက်သား အပေါ်ပြောဆိုနိုင်ခြင်း အစရှိသည်များအပေါ်အမှတ်ပေးလေ့ရှိသည်။

## ၂) ပုံမှန်ဝင်ခွင့်စာမေးပွဲဖြေဆိုခြင်း(အရည်အချင်းစစ်စာမေးပွဲဖြင့်ဖြေဆိုခြင်း)

- ပထမအကြိမ်လျှောက်လွှာခေါ်ယူခြင်း၊ဒုတိယအကြိမ်လျှောက်လွှာခေါ်ယူခြင်း၊ခွဲခြားလျှောက်လွှာခေါ်ယူခြင်းတို့ ရှိသည်။
- အချိန်ပြည့်ကျောင်းများ၏ဝင်ခွင့်ရ၊ မရခြင်းမှာအဓိကအားဖြင့်ကျောင်းသားမှတ်တမ်းနှင့်အရည်အချင်းစစ်စာမေးပွဲများအပေါ် ဆုံးဖြတ်လေ့ရှိသည်။လူတွေ့ စစ်ဆေးခြင်း၊စာတမ်းတိုပြုစုခြင်း(သို့ )စာစီစာကုံး၊လက်တွေ့ ဖြေဆိုခြင်းများပြုလုပ်သောကျောင်းများလည်းရှိသည်။
- အချိန်ပိုင်းကျောင်းများ၏ဝင်ခွင့်ရ၊ မရခြင်းမှာအဓိကအားဖြင့်ကျောင်းသားမှတ်တမ်းနှင့်အရည်အချင်းစစ်စာမေးပွဲ၊လူတွေ့ စစ်ဆေးမေးမြန်းမှုအပေါ် ဆုံးဖြတ်လေ့ရှိသည်။စာစီစာကုံး၊လက်တွေ့ ဖြေဆိုခြင်းများပြုလုပ်သောကျောင်းများလည်းရှိသည်။
- ပညာရည်အားနည်းသောကျောင်းသားများအတွက်ဖွင့်လှစ်ထားသောကျောင်းများ၏ ဝင်ခွင့်ရ၊မရခြင်းမှာအဓိကအားဖြင့်ကျောင်းသားမှတ်တမ်းနှင့်လူတွေ့ စစ်ဆေးမေးမြန်းခြင်း၊ စာတမ်းတိုပြုစုခြင်း(သို့ )စာစီစာကုံး၊ လက်တွေ့ ဖြေဆိုခြင်းများအပေါ် ဆုံးဖြတ်လေ့ရှိသည်။အရည်အချင်းစစ်စာမေးပွဲမရှိပါ။
- အကြောင်းအမျိုးမျိုးကြောင့်ပုံမှန်ကျောင်းမတက်နိုင်သော(ကျောင်းတက်မမှန်သော)ကျောင်းသားများအတွက်ဖွင့်လှစ်ထားသောကျောင်းများ၏ ဝင်ခွင့်ရ၊မရခြင်းမှာအဓိကအားဖြင့် ဝင်ခွင့်လျှောက်လွှာနှင့်လူတွေ့ စစ်ဆေးမေးမြန်းခြင်း၊စာစီစာကုံးများအပေါ် ဆုံးဖြတ်လေ့ရှိသည်။ကျောင်းသားမှတ်တမ်း၊ အရည်အချင်းစစ်စာမေးပွဲမရှိပါ။
- ထောက်ခံစာဖြင့်ဝင်ခွင့်မရသောအထက်တန်းကျောင်းသို့ ပုံမှန်ဝင်ခွင့်စာမေးပွဲဖြေဆိုခြင်းဖြင့်ပြန်လည်၍ဝင်ခွင့်စာမေးပွဲ ဖြေဆိုနိုင်သည်။

| အချိန်ကာလ | လုပ်ရမည့်အကြောင်းအရာ |
|---|---|
| ဒီဇင်ဘာလအတွင်း | မိဘစုဝင်များနှင့်အလယ်တန်းကျောင်းအတန်းပိုင်ဆရာတို့ နှင့်မိမိ၏တက်ရောက်လိုသည့်ကျောင်းကိုရွေးချယ်ရမည်။ |
| ဖေဖါ်ဝါရီလအစပိုင်း | ဝင်ခွင့်လျှောက်လွှာတင်သွင်းခြင်း။<br>လူတွေ့ စစ်ဆေးမေးမြန်းခြင်းရှိသောကျောင်းများအတွက် ကိုယ်တိုင်ရေးအရည်အချင်းမှတ်တမ်းကိုလည်း တင်ပြရမည်။<br>※ဝင်ခွင့်လျှောက်လွှာတင်သွင်းပြီးသော်လည်းအခြားကျောင်းသို့ ပြောင်းလဲလျှောက်ထားနိုင်သည်။ |
| ဖေဖါ်ဝါရီလကုန်ပိုင်း | ဝင်ခွင့်ဖြေဆိုမည့်အထက်တန်းကျောင်းတွင်အရည်အချင်းစစ်စာမေးပွဲကျင်းပမည်။ |
| မတ်လအစပိုင်း | ကျောင်းဝင်ခွင့်စာရင်းထုတ်ပြန်ခြင်း　⇒ကျောင်းတက်ရောက်ရန်မှတ်ပုံတင်ခြင်း |

## ၃)　နိုင်ငံခြားသားကျောင်းသားများအတွက်ထောက်ခံစာဖြင့်ဖြေဆိုခြင်း

- ဂျပန်နိုင်ငံသို့ ရောက်ရှိပြီး ၃နှစ်အတွင်းဖြေဆိုနိုင်သည်။
- အင်္ဂလိပ်(သို့ )ဂျပန်ဘာသာစကားဖြင့်စာစီစာကုံးနှင့်လူတွေ့ စစ်ဆေးခြင်းစာမေးပွဲရှိသည်။အရည်အချင်းစစ်စာမေးပွဲမရှိပါ။
- ၁၁ လ မှ ၁၂ လ လောက်အတွင်း ကျောင်းတိုင်းတွင် ဝင်ရောက်ဖြေဆိုခွင့်ရှိ/မရှိစစ်ဆေးပါမည်။

Rubi(furikana)အသံထွက်စာမေးပွဲ၊အဘိဓာန်အသုံးပြုလို့ ရသည့်စာမေးပွဲ

ကျောင်းဝင်ခွင့်စာမေးပွဲဖြေဆိုရန် လျှောက်ထားသောနိုင်ငံခြားသားများသည် ဂျပန်နိုင်ငံသို့ ရောက်ရှိပြီး ၃ နှစ်အတွင်းဖြစ်ပါက၊အရည်အချင်းစစ်စာမေးပွဲတွင် ဂျပန်စာခန်းချိ အသံထွက်ဖော်ပြပေးပါရန်တောင်းဆိုနိုင်သည်။ ထိုအပြင်ဂျပန်စာဘာသာရပ်မှလွဲ၍အခြားသောဘာသာရပ်များဖြေဆိုချိန်တွင်အဘိဓာန်အသုံးပြုရန်သယ်ယူခွင့်လျှောက်ထားနိုင်သည်။ထိုသို့ လျှောက်ထားသောကျောင်းသားသည်စာမေးပွဲဖြေဆိုချိန် ၁၀ မိနစ် အပိုရရှိမည်ဖြစ်သည်။

## ➢ ပုဂ္ဂလိကအထက်တန်းကျောင်း ဝင်ခွင့်စာမေးပွဲဖြေဆိုခြင်း

ပုဂ္ဂလိကအထက်တန်းကျောင်းသည်ကျောင်းအပေါ်မူတည်ပြီးဝင်ခွင့်စာမေးပွဲပုံစံမှာကွဲပြားသည်။တက်ရောက်ရန်ဆန္ဒရှိသည့်ကျောင်းသည်မည်သို့သော စစ်ဆေးမေးမြန်းမှုပုံစံရှိသည်ကိုကြိုတင်လေ့လာကြပါစို့ ။ ထို့အပြင် ထောက်ခံစာဖြင့် ဝင်ခွင့်ဖြေဆိုခြင်း သာမက ပုံမှန်ဝင်ခွင့်စာမေးပွဲဖြေဆိုခြင်းအတွက်ပါ ကျောင်း၏ရှင်းလင်းပွဲများကို မပျက်မကွက်တက်ရောက်ခြင်း၊ သီးသန့် ဆွေးနွေးခြင်းများပါ လုပ်ဆောင်ရပါမည်။သီးသန့် ဆွေးနွေးခြင်းအားဖြင့်အမှတ်မြှင့်တက်လာခြင်း ကျောင်းဝင်ခွင့်ရရန် အခွင့်အလမ်းများကိုလမ်းညွှန်ပေးခြင်းများရှိတတ်ပါသည်။

### ① ထောက်ခံစာဖြင့်ကျောင်းဝင်ခွင့်ဖြေဆိုခြင်း

- မြို့နယ်ပိုင်ကျောင်းများ နည်းတူအရည်အချင်းစစ်စာမေးပွဲဖြေရန်မလိုအပ်ဘဲ၊ ဝင်ခွင့်ရခြင်း/မရခြင်းမှာအများအားဖြင့် ထောက်ခံစာနှင့်ကျောင်းသားမှတ်တမ်း၊လူတွေ့ စစ်ဆေးခြင်း၊စာစီစာကုံးများအပေါ်ဆုံးဖြတ်လေ့ရှိသည်။
- အထူးလက်ခံသောစနစ် ပညာထူးချွန်သော၊အားကစားထူးချွန်သောကျောင်းသားများ အတွက် ကျောင်းအလိုက်ကွဲပြားသော်လည်းထောက်ခံစာဖြင့်လက်ခံသောစနစ်ရှိသည်။
- ပုဂ္ဂလိကကျောင်းများတွင်အဆင့် (စာမျက်နှာ ၁၇) စာတွေ့ လက်တွေ့ အမှတ်ပေါင်းမဟုတ်ဘဲ စာတွေ့ လက်တွေ့ အမှတ်ပေါင်းဖြစ်သည်။

### ② ပုံမှန်ဝင်ခွင့်ဖြေဆိုခြင်း ( အရည်အချင်းစစ်စာမေးပွဲကျင်းပသောဝင်ခွင့် )

- အများအားဖြင့် ဂျပန်ဘာသာ၊အင်္ဂလိပ်ဘာသာ၊သင်္ချာဘာသာရပ် ( ၃ ) ခု၏ရေးဖြေစာမေးပွဲ၊လူတွေ့ စစ်ဆေးခြင်း၊ ကျောင်းသားမှတ်တမ်းများအားဖြင့်ဝင်ခွင့်ရှိ/မရှိဆုံးဖြတ်သည်။
- ဘာသာရပ် ၂ ခု၊ဘာသာရပ် ၅ ခု၏ရေးဖြေစာမေးပွဲကိုစစ်ဆေးသောကျောင်း၊စာစီစာကုံး၊လက်တွေ့ စစ်ဆေးခြင်း၊ ဒုတိယအကြိမ် ဝင်ခွင့်စာမေးပွဲဖြေဆိုရန်လက်ခံသောကျောင်းများလည်းရှိသည်။
- မေးခွန်းပုံစံ၊မေးခွန်းလွှာမှာလည်းကျောင်းအလိုက်ကွဲပြားသည်။

စစ်ဆေးရန် !

### အထူးအခွင့်အရေးစနစ် ( TOKUTAISEI )

ကျောင်းဝင်ခွင့်စာမေးပွဲတွင်လည်းကောင်းနေ့ စဉ်အတန်းထဲတွင်လည်းကောင် ၊ ပညာထူးချွန်သောကျောင်းသားများအတွက် ပညာသင်စရိတ်တချို့ တဝက် (သို့ ) အားလုံးကင်းလွတ်ခွင့်( ပညာသင်ဆုကြေးငွေ ) ပေးသောစနစ်ဖြစ်သည်။များသောအားဖြင့်ပြန်ပေးရန်မလိုပါ။

### အားကစားထောက်ခံစာ

သတ်မှတ်ထားသောအားကစားနှင့်ပတ်သက်၍တနိုင်ငံလုံးပြိုင်ပွဲတွင်အနိုင်ရအားကစားထူးချွန်သည့်ကျောင်းသားများကိုရွေးချယ်ပြီးထောက်သောစနစ်ဖြစ်သည်။အထက်တန်းကျောင်းဝင်ပြီးနောက် ထိုအားကစားကိုဆက်လက်လုပ်ဆောင်ရန်ကတိဝန်ခံချက်ပြုရသည်။

### အခြားကျောင်းနှင့်ပူးတွဲလျှောက်ခြင်း ( HEIGAN YUUGUU )

မိမိဝင်ရောက်လိုသည့် ပထမဦးစားပေးကျောင်းသည် အခြား မြို့နယ်ပိုင် (သို့ ) ပုဂ္ဂလိကပိုင်အထက်တန်းကျောင်းဖြစ်ပြီးပထမဦးစားပေးကျောင်းသို့ ဝင်ခွင့်ကျရှုံးခဲ့လျှင် 「ထိုကျောင်းသို့ တက်ကိုတက်ပါမည်ဟူသောကတိဝန်ခံချက်ဖြင့်အခြားသောကျောင်းဝင်ခွင့်စာမေးပွဲမဖြေဆိုမှီ၊စောလျှင်စွာဝင်ခွင့်စာမေးပွဲအောင်မြင်ကြောင်းဆုံးဖြတ်သောစနစ်ဖြစ်သည်။ကျောင်းအများစုသည် ထိုစနစ်ဖြေဆိုနိုင်ရန် ကျောင်းသားမှတ်တမ်းနှင့်ပညာအရည်အချင်းစာမေးပွဲအပြင်လူတွေ့ စစ်ဆေးမေးမြန်းခြင်းတို့ ကိုပြုလုပ်သည်။ ဤစနစ်အရကျောင်းဝင်ခွင့်ဖြေဆိုမည်ဆိုလျှင်မြို့ ့နယ်ပိုင်ကျောင်း၏ဒုတိယအကြိမ်လျှောက်လွှာခေါ်ယူခြင်းတွင်လျှောက်ခွင့်မရှိ

တော့ပါ။ဤစနစ်ရှိ/မရှိနှင့်လိုအပ်သောအကြောင်းအရာများသည်ကွဲပြားတက်သောကြောင့် အတန်းပိုင်ဆရာထံသေချာမေးမြန်းရန်လိုအပ်သည်။ထို့ အပြင်ကျောင်းဝင်ကြေးသွင်းရန်သတ်မှတ်ချက်ကိုလည်းသေချာစွာစုံစမ်းကြပါစို့ ။

## ကျောင်းတကျောင်း၌သာလျှောက်ထားခြင်း ( TANGAN )

「ကျောင်းတကျောင်းသာဝင်ခွင့်စာမေးပွဲ ဖြေဆိုပြီးထိုကျောင်း၌ပင် သေချာပေါက်ကျောင်းတက်ပါမည်」ဟူသော ဝန်ခံချက်ဖြင့်လျှောက်ခြင်းဖြစ်သည်။「ပူးတွဲလျှောက်ထားခြင်း」(အခြားသောကျောင်း၌လည်းဝင်ခွင့်လျှောက်ခြင်း) ထက် အနည်းငယ်အောင်မြင်ရန် အခွင့်အလမ်းပိုရှိသည်။

## (၂)「**ကျောင်းသားမှတ်တမ်း**」**ဆိုဒါဘာလည်း？　ဘယ်လောက်ထိအရေးကြီးလည်း？**

ကျောင်းသားမှတ်တမ်းဆိုသည်မှာအလယ်တန်းတတိယပညာသင်နှစ်ဒီဇင်ဘာလ ( ဒုတိယနှစ်ဝက် ) အထိအမှတ်စာရင်းနှင့်ကျောင်းခေါ်ချိန်မှတ်တမ်း၊ကျောင်းသားလှုပ်ရှားမှုမှတ်တမ်းအစရှိသည်များကိုရေးမှတ်ထားသောမှတ်တမ်းဖြစ်သည်။
ကျောင်းမှမှတ်တမ်းတင်သည်။

ကျောင်းသားမှတ်တမ်းထဲတွင်「 ကျောင်းစာလေ့လာမှုအခြေအနေ အသေးစိတ်အမှတ်ပေးခြင်း」( ကျောင်းစာစိတ်ဝင်စားမှု အကျင့်စာရိတ္တနှင့်ပတ်သက်၍ အသေးစိတ်အမှတ်ပေးမှု/A・B・C ) နှင့်ဘာသာရပ် ၉ ခုတို့ ၏အမှတ်「အဆင့်」( ၅・၄・၃・၂・၁ ) အစရှိသည်တို့ ကိုရေးမှတ်ထားသည်။ထောက်ခံစာဖြင့်ဝင်ခွင့်ဖြေခြင်း၌သော်လည်း ကောင်း သာမာန်ဝင်ခွင့်ဖြေခြင်း၌လည်းကောင်း အအောင်/အရှုံး ကိုဆုံးဖြတ်ရာတွင် အသုံးပြုသောအရေးပါသည့်မှတ်တမ်းဖြစ်သည်။ ထောက်ခံစာဖြင့် ဝင်ခွင့်လျှောက်ထားခြင်းတွင်「အသေးစိတ်အမှတ်ပေးခြင်း」ကိုအသုံးပြုသောရှိသော်လည်း နည်းပါးသည်။「 အဆင့်」ကိုကြည့်၍ဆုံးဖြတ်မှုမှာပို၍များသည်။

・ကျောင်းသားမှတ်တမ်းအမှတ် (=အမှတ်ပေါင်း) တွင်**စာတွေ့ အမှတ်ပေါင်း ( SONAISHIN )** နှင့်**စာတွေ့ လက်တွေ့ အမှတ်ပေါင်း ( KANSAN NAISHIN )** ရှိသည်။

### ● စာတွေ့ အမှတ်ပေါင်း…ပုဂ္ဂလိကကျောင်း ဝင်ခွင့်စာမေးပွဲတွင်အသုံးပြုသည်။

ပညာရေးတိုးတက်မှုမှတ်တမ်း အဆင့် ၅ ဆင့်ခွဲထားမှုကိုအားလုံးပေါင်းထားခြင်းဖြစ်သည်။ အဆင့်၅×၉ ဘာသာ=၄၅ မှတ် (အမှတ်ပြည့်)

※ ၃ ဘာသာအမှတ်ပေါင်း… ဂျပန်ဘာသာ၊ သင်္ချာ၊ အင်္ဂလိပ်စာ ဘာသာရပ် ၃ ခု၏အမှတ်ပေါင်း

※ ၅ ဘာသာအမှတ်ပေါင်း… ဂျပန်ဘာသာ၊ သင်္ချာ၊ အင်္ဂလိပ်စာ＋အထွေထွေ・သိပ္ပံ ဘာသာရပ် ၅ ခု၏အမှတ်ပေါင်း

### ● စာတွေ့ လက်တွေ့ အမှတ်ပေါင်း…မြို့ နယ်ပိုင်ကျောင်း ဝင်ခွင့်စာမေးပွဲတွင်အသုံးပြုသည်။

၅ ဘာသာအမှတ် (ဂျပန်ဘာသာ၊ သင်္ချာ၊ အင်္ဂလိပ်စာ＋အထွေထွေ・သိပ္ပံ) အမှတ်များကိုကျောင်းသားကဒ်တွင်ရေးထားသည့်အမှတ်ပေါင်းနှင့်လက်တွေ့ ၄ ဘာသာ၏အမှတ်ကို ၂ ဆ မြှောက်ပြီးပေါင်းထားသောအမှတ်ပေါင်းကိုခေါ်သည်။

(အဆင့် ၅×၅ ဘာသာ) ＋ (အဆင့်၅×လက်တွေ့ ၄ ဘာသာ×၂) =အဆင့် ၆၅ (အမှတ်ပြည့်)

နေ့ စဉ်ပုံမှန်အိမ်စာ ၊ ကျောင်းစာများကိုပြုလုပ်ပြီး ဆရာထံတင်ပြခြင်း ၊ နေ့ စဉ်ပြုလုပ်သောစာမေးပွဲများကိုဖြေဆိုအောင်မြင်ခြင်း ၊ အားကစား ၊ ဂီတ အစရှိသည့်လက်တွေ့ ဘာသာရပ်များတွင် စိတ်ပါဝင်စားစွာကြိုးစားခြင်း ၊ လပတ်စာမေးပွဲများတွင်ကြိုးစားခြင်းစသည်များကိုနေ့ စဉ်ကြိုးစားလုပ်ဆောင်ကြပါစို့ ။ နည်းပညာ အိမ်တွင်း စက်မှုလက်မှု

## (၃) 「အဆင့်သတ်မှတ်ခြင်း」

အဆင့်သတ်မှတ်သောဂဏန်းအနေဖြင့်မည်သို့ သတ်မှတ်ပြီးအသုံးပြုသည်ကိုအောက်ဖော်ပြပါဥပမာဖြင့်ကြည့်ကြပါစို့ ။

| ဂျပန်ဘာသာ | သင်္ချာ | အင်္ဂလိပ်စာ | အထွေထွေ | သိပ္ပံ | ဂီတ | အနုပညာ | ကျန်းမာရေး အားကစား | အိမ်တွင်း လက်မှု |
|---|---|---|---|---|---|---|---|---|
| ၃ | ၄ | ၄ | ၂ | ၃ | ၅ | ၃ | ၄ | ၃ |

**စာတွေ့ အမှတ်ပေါင်း** အဓိက ၃ ဘာသာ (ဂျပန်ဘာသာ • သင်္ချာ • အင်္ဂလိပ်စာ) = ၁၁ အဆင့်
အဓိက ၅ ဘာသာ (ဂျပန်ဘာသာ • သင်္ချာ • အင်္ဂလိပ်စာ • လူမှုရေး • သိပ္ပံ) = ၁၆ အဆင့်
အဓိက ၄ ဘာသာ (ဂီတ • အနုပညာ • ကျန်းမာရေး • အိမ်တွင်းစက်မှုလက်မှု) = ၁၅ အဆင့်

**စာတွေ့ လက်တွေ့ အမှတ်ပေါင်း** ၁၆ အဆင့်+ (၁၅ အဆင့်×၂ ) = ၄၆ အဆင့် / ၆၅ အဆင့်

- **ပုဂ္ဂလိကအထက်တန်းကျောင်း ဝင်ခွင့်ဖြေဆိုသူများအတွက်**

  ၃ ဘာသာ ၁၁ အဆင့်／၁၅ အဆင့်၊ ၅ ဘာသာ ၁၆ အဆင့်／၂၅ အဆင့်သည်သင်၏စုစုပေါင်းအမှတ်ဖြစ်သည်။

- **မြို့နယ်အထက်တန်းကျောင်းသို့ ထောက်ခံစာဖြင့်ဖြေဆိုမည့်သူများအတွက်**

  စာတွေ့၊လက်တွေ့ ဘာသာရပ်ပေါင်းအမှတ် ၊ ၄၆ အဆင့်／၆၅ အဆင့်သည်သင်၏စုစုပေါင်းအမှတ်ဖြစ်သည်။

- **မြို့နယ်ပိုင်အထက်တန်းကျောင်းသို့ ပုံမှန်ဝင်ခွင့်ဖြေဆိုသူများအတွက်**

  မြို့နယ်ပိုင်ကျောင်း၏ပုံမှန်ကျောင်းဝင်ခွင့်အတွက်စာတွေ့ စစ်ဆေးခြင်းနှင့်ကျောင်းသားမှတ်တမ်း(စာတွေ့၊လက်တွေ့ အမှတ်) အားလုံးပေါင်း ၁၀၀၀ မှတ်ဖြစ်သည်။ဝင်ခွင့်စာမေးပွဲ၏ စာတွေ့ စစ်မေးခြင်းနှင့်ကျောင်းသားမှတ်တမ်းအမှတ်မည်သို့ သော အချိုး အစားနှင့်သုံးမည်မှာ ဝင်ခွင့်ဖြေဆိုမည့် စာမေးပွဲဘာသာရပ်၊ ကာလပေါ်မူတည်ပြီးကွဲပြားသည်။

  ပထမအကြိမ်လျှောက်လွှာခေါ်ယူခြင်း။ပထမအသုတ်လျှောက်လွှာခွဲဝေခေါ်ယူခြင်း၏အချိန်ပြည့်သင်ရိုးတွင်သတ်မှတ်ချက်အနေနှင့် ၇း၃အချိုးဖြစ်သည်။အမှတ်ပြည့် ၁၀၀၀ မှတ်ဖြစ်သောကြောင့်ကျောင်းသားမှတ်တမ်း၏အမှတ်ပြည့်မှာ ၃၀၀ မှတ်ဖြစ်သည်။

**＊စာတွေ့ စစ်ဆေးခြင်း : ကျောင်းသားမှတ်တမ်း ＝ ၇ : ၃ ရှိသောကျောင်းသို့ ဝင်ခွင့်စာမေးပွဲဖြေဆိုမည်ဆိုလျှင်**

✧ အမှတ်ပြည့် ၁၀၀၀၊ စာတွေ့ စစ်ဆေးခြင်း ၇၀၀ ၊ကျောင်းသားမှတ်တမ်းအဆင့် ၃၀၀
ကျောင်းသားမှတ်တမ်းအဆင့်သည် ၃၀၀ ဖြစ်သောကြောင့် ၄၆ အဆင့်× ၃၀၀ ÷ ၆၅= ၂၁၂ မှတ် / ၃၀၀ မှတ်

→ **၂၁၂ မှတ် / ၃၀၀ မှတ်** မှာသင်၏ကျောင်းသားမှတ်တမ်းတွင်ရှိသောအဆင့်ပေါ်မူတည်၍တွက်ထားသောအမှတ်ပေါင်းဖြစ်သည်။

✧ အကယ်၍ ဘာသာရပ် ၅ ခု၏စာတွေ့ ဖြေဆိုခြင်းတွင်ပျမ်းမျှ အမှတ်သည် ၅၀ မှတ်ပေါင်း၂၅၀ မှတ်ဖြစ်ခဲ့လျှင်စာတွေ့ စစ်ဆေး ခြင်း ၏အမှတ်ပြည့် ၇၀၀ ဖြစ်သောကြောင့်စာတွေ့ စစ်ဆေးခြင်းအမှတ်မှာ ၂၅၀ မှတ်× ၇၀၀ ÷၅၀၀= ၃၅၀ မှတ် / ၇၀၀ မှတ်

→ **၃၅၀ မှတ် / ၇၀၀ မှတ်** မှာသင်၏ စာတွေ့ စစ်ဆေးခြင်းအမှတ်ပေါင်းဖြစ်သည်။

✧ ကျောင်းသားမှတ်တမ်းအဆင့်ရှိ ၂၁၂ နှင့် စာတွေ့ စစ်ဆေးခြင်းရလဒ် ၃၅၀ ပေါင်း ၅၆၂ သည် သင်၏ကျောင်းဝင်ခွင့် အောင်/ရှုံး ကိုဆုံးဖြတ်ပေးသည်။
**ကျောင်းသားမှတ်တမ်းအဆင့်ကောင်းလေလေစိတ်ချရလေလေဖြစ်သည်။**

## (၄) ဝင်ခွင့်စာမေးပွဲပုံစံ

ဝင်ခွင့်စာမေးပွဲပုံစံနှင့်ပတ်သက်ပြီးတဦးနဲ့ တဦးမတူပါ။မိမိကမည်သို့ သောစာမေးပွဲပုံစံကိုရွေးချယ်မည်ကိုစဉ်းစားကြရအောင်။

① မြို့နယ်ပိုင်အစိုးရကျောင်းတက်ချင်တယ်၊အဲဒါတခုထဲနဲ့ တော့စိုးရိမ်တယ်။စီးပွားရေးအခြေအနေအရပုဂ္ဂလိကကျောင်းလည်း တက်နိုင်တယ်။အဆင့်လည်းမဆိုးဘူး။

⇒ပထမဦးစားပေး=အစိုးရကျောင်း(ထောက်ခံစာ/ပုံမှန်ဝင်ခွင့်)ဒုတိယဦးစားပေး=ပုဂ္ဂလိက(အခြားကျောင်းနှင့်ပူးတွဲလျှောက်ခြင်း)

② မြို့နယ်ပိုင်အစိုးရကျောင်းတက်ချင်တယ်၊ အဲဒါတခုထဲနဲ့ တော့စိုးရိမ်တယ်။စီးပွားရေးအခြေအနေအရပုဂ္ဂလိကကျောင်းလည်း တက်နိုင်တယ်။အဆင့်သိပ်မကောင်းဘူး။

⇒ပထမဦးစားပေး=အစိုးရကျောင်း(ပုံမှန်ဝင်ခွင့်) ဒုတိယဦးစားပေး=ပုဂ္ဂလိက(အခြားကျောင်းနှင့်ပူးတွဲလျှောက်ခြင်း)

③ အရမ်းကိုတက်ရောက်ချင်တဲ့ ပုဂ္ဂလိကအထက်တန်းကျောင်းရှိတယ်၊ဝင်ခွင့်ရမရအတွက်စိုးရိမ်တယ်။စီးပွားရေးအခြေအနေ အရလည်းတက်နိုင်တယ်။အဆင့်လည်းမဆိုးဘူး။ပထမဦးစားပေး ပုဂ္ဂလိကကျောင်းထောက်ခံစာဖြင့်ဝင်ရန်စံမမှီဘူး။

⇒ပထမဦးစားပေး=ပုဂ္ဂလိက ကျောင်း(ပုံမှန်ဝင်ခွင့်) ဒုတိယဦးစားပေး=ပုဂ္ဂလိက(အခြားကျောင်းနှင့်ပူးတွဲလျှောက်ခြင်း)

④ အရမ်းကိုတက်ရောက်ချင်တဲ့ ပုဂ္ဂလိကအထက်တန်းကျောင်းရှိတယ်၊ဝင်ခွင့်ရမရအတွက်စိုးရိမ်တယ်။စီးပွားရေးအခြေအနေ အရလည်းတက်နိုင်တယ်။အဆင့်သိပ်မကောင်းဘူး။

⇒ပထမဦးစားပေး=ပုဂ္ဂလိကကျောင်း(ပုံမှန်ဝင်ခွင့်) ဒုတိယဦးစားပေး=ပုဂ္ဂလိကကျောင်း(ပုံမှန်ဝင်ခွင့်) ၂ ကျောင်းထက်မက

⑤ မြို့နယ်ပိုင်အစိုးရကျောင်းတက်ချင်တယ်၊အဆင့်သိပ်မကောင်းဘူး။စီးပွားရေးအခြေအနေအရပုဂ္ဂလိကကျောင်းမတက်နိုင်ဘူး။

⇒ပထမဦးစားပေး=အစိုးရကျောင်း(ပုံမှန်ဝင်ခွင့်)ဒုတိယဦးစားပေး=အစိုးရကျောင်း(ဒုတိယအကြိမ်လျှောက်လွှာခေါ်ယူခြင်း၊ဒုတိယ အသုတ်လျှောက်လွှာခွဲဝေခေါ်ယူခြင်း)

⑥ အရမ်းကတက်ရောက်ချင်တဲ့ ပုဂ္ဂလိကအထက်တန်းကျောင်းရှိတယ်။ထောက်ခံစာဖြင့်ဝင်ရန်စံလည်းမှီတယ်။ဒါပေမယ့်ပညာ အရည်အချင်းကိုစဉ်းစားရင်မြို့နယ်ပိုင်အစိုးရကျောင်းမှာတက်လို့ ရမယ့်ကျောင်းမရှိဘူး။

⇒ပုဂ္ဂလိကကျောင်းတကျောင်းသို့သာထောက်ခံစာဖြင့်လျှောက်ထားခြင်း

## ၅။ ဘယ်အချိန်လောက်မှာဘာတွေလုပ်ရမလဲ ～ စာမေးပွဲဝင်ခွင့်ပြင်ဆင်ခြင်း～

သိသင့်သိထိုက်သည်များကို ကြိုတင်၍လေ့လာကြပါစို့ ထောက်ခံစာများကိုတိုင်းပြည်မှမှာယူရာတွင် အချိန်ကြန့် ကြာတတ်သောကြောင့်ကြိုတင်ပြီးမှာယူကြရန်နှင့် ပညာသင်ဆုငွေလျှောက်လွှာမှာ ဝင်ခွင့် စာမေးပွဲဖြေဆိုချိန်နှင့် တိုက်ဆိုင်တတ်သောကြောင့်လိုအပ်သောစာရွက်စာတမ်းများကို ကြိုတင်ပြီးပြင်ဆင်ထားသင့်သည်။

| အချိန်ကာလ | အချက်အလက်များ |
|---|---|
| ၄ လ～ ၇ လ | လပတ်စာမေးပွဲ • ဘဝရှေ့ ရေးပညာရေးစစ်တမ်း • ကျောင်းသား၊မိဘ၊ဆရာသုံးဦးဆုံဆွေးနွေးခြင်း<br>★ချဲလင့်ကျောင်းပညာသင်စရိတ်ထောက်ပံ့ငွေလျှောက်လွှာတင်သွင်းခြင်း |
| **နွေရာသီကျောင်းပိတ်ရက်** | ကျောင်းများသို့ သွားရောက်လေ့လာခြင်း • ကျောင်းများ၏ရှင်းလင်းပွဲသို့ တက်ရောက်ခြင်း<br>★မိခင်တိုင်းပြည်၏ထောက်ခံစာများပြင်ဆင်ရန် |
| ၉ လ～ ၁၁ လ | လပတ်စာမေးပွဲ • ဘဝရှေ့ ရေးပညာရေးစစ်တမ်း • ကျောင်းသား၊မိဘ၊ဆရာသုံးဦးဆုံဆွေးနွေးခြင်း<br>•နိုင်ငံခြားသားကျောင်းသားများအတွက်ထောက်ခံစာဖြင့်ဝင်ခွင့်ဖြေဆိုလိုသူများသည်ကျောင်းတွင်စုံစမ်းမေးမြန်းရန် |
| ၁၂ လ | ကျောင်းသား၊မိဘ၊ဆရာသုံးဦးဆုံဆွေးနွေးခြင်း<br>ပုဂ္ဂလိက ကျောင်းဝင်ခွင့်ဖြေ/မဖြေဆုံးဖြတ်ရန်⇒ဝင်ခွင့်ဖြေမည်ဆိုလျှင်လျှောက်လွှာတင်ရန်<br>လပတ်စာမေးပွဲ⇒ကျောင်းသားမှတ်တမ်းအမှတ်ပေးမှုဆုံးဖြတ်ရန်⇒ဝင်ခွင့်ဖြေဆိုမည့်ကျောင်းကိုရွေးချယ်ရန် |
| **ဆောင်းရာသီကျောင်းပိတ်ရက်** | မိမိ၏အရည်အချင်းမှတ်တမ်းရေးထားခြင်း |
| ၁ လ ကုန် | ■မြို့ နယ်ပိုင်အထက်တန်းကျောင်းထောက်ခံစာဖြင့်ဖြေဆိုခြင်း • နိုင်ငံခြားသားကျောင်းသားများအတွက် ထောက်ခံစာဖြင့်ဖြေဆိုခြင်း★ပညာသင်စရိတ်ထောက်ပံ့ငွေလျှောက်လွှာတင်သွင်းခြင်း<br>★Rubi(furikana)အသံထွက်ဝင်ခွင့်※လျှောက်လွှာတင်သွင်းခြင်း |
| ၂ လ | ■ပုဂ္ဂလိကကျောင်းသာမာန်ဝင်ခွင့် ■မြို့ နယ်ပိုင်းကျောင်းသာမာန်ဝင်ခွင့် （ခွဲခြားရှေ့ ပိုင်း）<br>★Rubi(furikana)အသံထွက်ဝင်ခွင့်※လျှောက်လွှာတင်သွင်းခြင်း |
| ၃ လ | ■မြို့ နယ်ပိုင်းကျောင်းသာမာန်ဝင်ခွင့် （ခွဲခြားဒုတိယအသုတ်） ■ညကျောင်းဒုတိယအကြိမ်လျှောက်လွှာ ကျောင်းဝင်ခွင့်လုပ်ထုံးလုပ်နည်း |

### သုံးဦးဆုံဆွေးနွေးခြင်း

နွေဦးရာသီ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလ များတွင်ကျောင်းများ၌ ကျောင်းသား၊ မိဘ၊ ဆရာ သုံးဦးဆုံဆွေးနွေးခြင်းကိုပြုလုပ်လေ့ရှိသည်။အတန်းပိုင်ဆရာနှင့်တွေ့ ဆုံပြီး ကျောင်းသား၏ ရှေ့ ဆက်တက်ရမည့်ကျောင်းပညာရေးနှင့် ပတ်သက်၍ဆွေးနွေးရန်အရေးကြီးသည့်ဆွေးနွေးမှုဖြစ်သည်။ဂျပန်စကားဖြင့်ပြောဆိုဆွေးနွေးရန် ခက်ခဲမှုရှိလျှင်သော်လည်းကောင်းဝင်ခွင့်စာမေးပွဲနှင့်ပတ်သက်၍နားမလည်သည့်အချက်များရှိခဲ့လျှင် ဂျပန်မိတ်ဆွေများ သို့ မဟုတ် အခမဲ့စာသင်ကျောင်းရှိတာဝန်ရှိတာဝန်ခံများထံသို့ အကူအညီတောင်းခံပြီး ထိုသူများနှင့်အတူကျောင်းသို့ သွားရောက်ပြီး သုံးဦးဆိုင်ဆွေးနွေးမှုပြုလုပ်ကြပါစို့ ။

## ၆။ ဝင်ခွင့်စာမေးပွဲအတွက်ပြင်ဆင်ခြင်း ～ စာမေးပွဲဖြေဆိုမည့်ကျောင်းသားနှင့်မိဘများ၏လုပ်ဆောင်ရန် ～

### ( ၁ ) ဝင်ခွင့်စာမေးပွဲဖြေဆိုမည့်ကျောင်းသားများမှလုပ်ဆောင်ရန်

① စည်းစနစ်ကျကျနေထိုင်ရန်
စားချိန်၊ အိပ်ချိန်တို့ ကိုစည်းစနစ်တကျရှိရန်ပြင်ဆင်ကြပါစို့ ။ခန္ဓာကိုယ်ကျန်းမာဖို့ ထိန်းသိမ်းရန်မိမိကိုယ် တိုင်၌တာဝန်ရှိသည်။

② စာရွက်စာတမ်းများကိုသတ်မှတ်ချိန်အမှီတင်ပြနိုင်ရန်
ဝင်ခွင့်စာမေးပွဲနှင့်ပတ်သက်၍ လိုအပ်သောစာရွက်စာတမ်းများကို ပြည့်ပြည့်စုံစုံနှင့် အချိန်မှီတင်ပြနိုင်ရန်ပြင်ဆင်ကြပါစို့ ။ စာရွက်စာတမ်းများကို သပ်သပ်ရပ်ရပ် ကိုင်တွယ်ဖြည့်စွတ်ရန်။နေ့ စဉ်အိမ်စာ ၊ ကျောင်းစာများကို လုပ်ဆောင်ပြီး ဆရာထံပုံမှန်တင်ပြရန်၊ အိမ်စာ၊ ကျောင်းစာများကို သတ်မှတ်ရက်အတွင်းမှန်မှန် တင်ပြနိုင်လျှင် ကျောင်းသားမှတ်တမ်းတွင် အဆင့် (၁) မှလွဲရှောင်နိုင်သည်။

③ အစီအစဉ်ဆွဲပြီးလုပ်ဆောင်ရန်
ဝင်ခွင့်စာမေးပွဲအတွက်လျှောက်လွှာအမျိုးမျိုးရှိပြီး၊လျှောက်လွှာတင်ရက်နှင့်လုပ်ဆောင်ရမည့်ကိစ္စထပ်နေတတ်သည်။ ထို့ကြောင့်ဝင်ခွင့်စာမေးပွဲအတွက်ကြိုတင်အစီအစဉ်ဆွဲပြီး လုပ်ဆောင်ကြပါစို့ ။မည်သည့်အချိန်အတွင်း မည်သို့ သောပြင်ဆင်မှုများကိုလုပ်ဆောင်ရမည်ကို သတ်မှတ်ရက်များဖြင့် အစီအစဉ်ဆွဲပြီးလုပ်ဆောင်ကြပါစို့ ။ဤကဲ့သို့ ကြိုတင်၍ အစီအစဉ်ဆွဲပြီး လုပ်ဆောင်ပါက စိုးရိမ်ကြောင့်ကြစရာမလိုဘဲ အေးဆေးတည်ငြိမ်စွာဖြင့် ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန် အသင့်ရှိနိုင်မည် ဖြစ်သည်။ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းများသို့ သွားရောက် လေ့လာခြင်းကိုလည်းအစီအစဉ်ဆွဲပြီး လုပ်ဆောင်ကြပါစို့ ။

### ( ၂ ) အုပ်ထိန်းသူမိဘများမှလုပ်ဆောင်ရန်

① ကျန်းမာရေးဂရုစိုက်ပေးရန်
ခန္ဓာကိုယ်ကျန်းမာရေးထိန်းသိမ်းရန်စာမေးပွဲဖြေမည့်ကျောင်းသား၏တာဝန်ဖြစ်သလိုအုပ်ထိန်းသူများမှလည်းဂရုတစိုက်စောင့်ကြည့်ရန်အရေးကြီးသည်။အထူးသဖြင့် နာစေး၊ချောင်းဆိုးခြင်းများမဖြစ်ရန် အတွက်အဟာရရှိသောအစားအစာကိုပြင်ဆင်ပေးရန် တာဝန်ရှိသည်။ နိဝင်ဘာလ တွင် ဖလူးရောဂါကူးစက်ခြင်း ကာကွယ်ဆေး ထိုးကြပါစို့ ၊ နိဝင်ဘာလ တွင် ဖလူးရောဂါကူးစက်ခြင်းကာကွယ်ဆေးထိုးထားပါကဆေး၏အာနိသင်သက်ရောက်မှုမှာမတ်လအထိလုံလောက်သည်။

② မတိကျ မရေရာသောသတင်း အချက်အလက်များနှင့်ဗျာမများရန်
ဝင်ခွင့်စာမေးပွဲနှင့်ပတ်သက်၍ အုပ်ထိန်းသူသည် အမျိုးမျိုးသောသတင်းအချက်အလက် များကြားသိမည်ထင်ပါသည်။ အရေးကြီးသော လိုအပ်သော သတင်း အချက်အလက်များကို သိရှိရန် အရေးကြီးသော်လည်း မလိုအပ်သော သတင်းစကားများဖြင့်ဗျာမများရန်မှာလည်းအရေးကြီးသည်။ အုပ်ထိန်းသူများသည် သား/သမီးများ နှင့်အတူ ရှင်းလင်းပွဲများသို့ တက်ရောက်ခြင်း၊အထက်တန်းကျောင်းသို့ သွားရောက်လေ့လာခြင်း အားဖြင့်သား/သမီးများ၏ တက်ရောက် သင်ကြားလိုသောကျောင်းနှင့်ပတ်သက်၍သေချာတိကျသော သတင်းအချက်အလက်များကိုရယူကြပါစို့ ။

③ သား/သမီးများနှင့်ပြောဆိုဆွေးနွေးခြင်းများကိုအလေးထားရန်
ဝင်ခွင့်စာမေးပွဲဖြေမည့်သူမှာ သား/သမီးဖြစ်သည်။မိဘ၏ ဖြစ်စေလိုသောဆန္ဒကို ကလေးအပေါ် တဖက်သတ်ဖိအားပေးခြင်းမပြုကြပါရန်။မိမိ၏တွေ့ အကြုံ၊ မိသားစုစီးပွားရေးအခြေအနေ၊ အုပ်ထိန်းသူ၏ဆန္ဒ၊ အမြင်များကို ကလေးနားလည်ရန်ပြောပြသင့်သည်။ကလေးကိုနားလည်မှုအပေးနိုင်ဆုံးသောသူအဖြစ် ကလေးမှအကောင်းဆုံးအသင့်လျော်ဆုံးသော ပညာရေးလမ်းကိုရွေးချယ်နိုင်ရန် ဆွေးနွေးမှု၊ ပြောဆိုမှုများပြုလုပ်ကြပါစို့ ။နောက်ဆုံးတွင်ကလေး၏ဆုံးဖြတ်မှုဖြစ်လိုသောဆန္ဒကိုဦးစားပေးစဉ်းစားပြီးအားပေးမှုပြုကြပါစို့ ။

## ၇။ အများအားဖြင့်မေးမြန်းတက်သောမေးခွန်းများ

**မေးခွန်း ၁　မိမိ၏တိုင်းပြည်တွင်အလယ်တန်းအောင်မြင်ခဲ့ပြီးဖြစ်သည်။ ဂျပန်နိုင်ငံ၏အထက်တန်းကျောင်းတွင် ပညာသင်ကြားခွင့်ရှိပါသလား။**

သင်ကြားခွင့်ရှိပါသည်။
ကျောင်းပြောင်းခြင်းစနစ်ရှိသော်လည်း၊ ကြားဖြတ်ကျောင်းဝင်ရောက်ခြင်းမှာမလွယ်ကူပါ။ဂျပန်ဘာသာ၊စကား လုံးဝနားမလည်ပါက ၄ လ ပိုင်းတွင်းကျင်းပမည့် အထက်တန်းကျောင်းဝင်ခွင့် စာမေးပွဲဖြေဆိုရမည်ဖြစ်သည်။
အောက်ဖော်ပြပါကျောင်းများတွင် အထက်တန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်အတွက် ဂျပန်ဘာသာ၊စကားနှင့် ဝင်ခွင့်စာမေးပွဲအတွက် သင်ကြားပေးမှုများရှိပါသည်။

① Multicultural Center Tokyo ( MCT )
Tabunka Free School　Arakawa Campus・Shinjuku Campus
Office Tabunka Free School (main campus)
3F 6-9-7 Nishi-Ogu, Arakawa-ku, Tokyo
TEL/FAX： 03-6807-7937
**http://tabunka.or.jp/project/freeschool/**

② IWC Kokusai Shimin no Kai
အထက်တန်းဝင်ခွင့်စာမေးပွဲအတွက်သင်ကြားပေးသည်။
6-7-4 Togoshi,Shinagawa-ku,Tokyo
TEL/FAX：03-6331-4881
http://www.npo-iwc.org/gogaku/koukou

**မေးခွန်း ၂　မိမိတိုင်းပြည်တွင်အလယ်တန်းမအောင်မြင်ခဲ့ပါ။ယခုအသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည်။ ကျောင်းပညာသင်ကြားခွင့်ရှိပါသလား။**

သင်ကြားခွင့်ရှိပါသည်။
တိုကျိုမြို့ တွင်အများပိုင်အလယ်တန်းကျောင်း၏ညကျောင်း ၈ ကျောင်းရှိပါသည်။အကြောင်းအမျိုးမျိုးကြောင့်အလယ်တန်းမအောင်မြင်ခဲ့သောသူ၊ တိုကျိုမြို့ တွင်းနေထိုင်ပြီးအလုပ်လုပ်ကိုင် နေသူ ၁၅ နှစ်ပြည့်ပြီးသူများတက်ရောက်ခွင့်ရှိပါသည်။
ဂျပန်ဘာသာ၊စကား ကိုလည်းလေ့လာသင်ယူနိုင်သည်။
စာသင်ချိန်သည်ညနေ ၅ နာရီခွဲ မှ ည ၉ နာရီအထိဖြစ်သည်။
ကျောင်းမှပျော်ပွဲစားသွားခြင်းကျောင်းပြီးမြောက်ခြင်းအမှတ်တယ ခရီးထွက်ခြင်းများလည်းရှိပါသည်။
http://www.kyoiku.metro.tokyo.jp/pickup/p_gakko/yakan/

**★နားမလည်သည့်အချက်များရှိပါက「support 21」သို့ အချိန်မရွေးဖုန်းဆက်မေးမြန်းနိုင်ပါသည်။**
**လူမှုဖူလုံရေးဖောင်ဒေးရှင်း support 21**
〒141-0021Tokyo Shinagawa-ku Kami Osaki 2-12-2 Misuhobilding 6 F
**TEL：03-5449-1331　FAX：03-5449-1332　mail：info@support21.or.jp**

# Related Links

■東京都教育委員会／TOKYO METROPOLITAN BOARD OF EDUCATION
http://www.kyoiku.metro.tokyo.jp/

■東京都教育相談センター／Tokyo Metropolitan Education Consultation Center
http://www.e-sodan.metro.tokyo.jp/

■受験生チャレンジ支援貸付事業／Jukensei Challenge Shien Kashitsuke Jigyo
http://www.fukushihoken.metro.tokyo.jp/seikatsu/teisyotokusyataisaku/jukenseichallenge.html

窓口一覧　Contact
http://www.fukushihoken.metro.tokyo.jp/seikatsu/teisyotokusyataisaku/jukenseichallenge.files/28madogutiitiran.pdf

■東京都私学財団／Tokyo-to Shigaku Zaidan
http://www.shigaku-tokyo.or.jp/

■東京私学ドットコム
http://www.tokyoshigaku.com/

■Ｖもぎ　進研スタディーサイト／V-mogi Shinken Study Site
http://www.shinken.co.jp/

**ရှေ့ဆက်ပညာသင်ကြားရန်အထောက်အကူပြုစာအုပ် ～ အလယ်တန်း မှ အထက်တန်းသို့ ～**
**စီစဉ်သူ လူမှုဖူလုံရေးဖောင်ဒေးရှင်း support 21**

6th Floor, Mizuho Bldg,2-12-2 Kamiosaki, Shinagawa-ku, Tokyo 141-0021
၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင်ထုတ်ဝေသည်

ဤစာအုပ်သည်၂၀၁၅ ဘဏ္ဍာရေးနှစ်"တိုကျို pachinko စေတနာ့ဝန်ထမ်းရန်ပုံငွေအဖွဲ့ " ၏ထောက်ပံ့မှုဖြင့်ပုံနှိပ်ခြင်းဖြစ်သည်။